www.burmeseclassic.com

ဟာသ သရုပ်ဆောင်

# ကော်ပြီး၏

လုံးချင်းဝတ္ထု



# ဝိညာဉ်ပိုင်

ဒီဖြေကျော်ဝင်
မိုးသွင်တန်
စိုးမြတ်လင်း

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၅၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၅၁၁၂၈

| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဖော် | - | အိန္ဒြေကျော်စင် |
| မျက်နှာဖုံး ဓာတ်ပုံ | - | မိုးလွင်ယန် |
| မျက်နှာဖုံး ဒီဇိုင်း | - | ငြိမ်းတက်ထင် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုင် (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃၃လမ်း(ယာ)၊ ၃ရပ်ကွက်၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုင် (တော်ဝင်မြို့ပုံနှိပ်တိုက်) |
| | | ၃၀/၈ သာယာကုန်းလမ်း ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| အချုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

နှိပ်ကွပ်ဖို့ ခံယဉ်းတဲ့ စိတ်
အဖြစ်အပျက်လျှင်မြန်တဲ့ စိတ်
သင့်မသင့် မစဉ်းစားတဲ
ကိုယ်အလိုရှိရာ အာရုံမှာ
ကျရောက်တတ်တဲ့ စိတ်
ဒီစိတ်ကို ဆုံးမနိုင်မယ်ဆိုရင်
သိပ်ကောင်းပါတယ်
ဘာလို့လဲဆိုတော့
ဆုံးမထားလို့
ယဉ်ကျေးနေတဲ့စိတ်ဟာ
ချမ်းသာအမျိုးမျိုးကို
ဆောင်ကြဉ်းပေးနိုင်လို့ပါပဲ.....။

(ဓမ္မပဒဂါထာ-၃၅)

www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ်(၁)

ကျော်သုံးကျော်၊ တစ်ရပ်ကွက်လုံးကသိသည်၊ ပတ်ဝန်းကျင်ကလည်းသိသည်။ နီးစပ်ရာ ဆွေမျိုးတွေကလည်းသိသည်၊ သုံးဖက်သော မိဘအသိုင်းအဝိုင်းတွေကလည်းသိသည်၊ သုံးယောက်စလုံးကို မဆုံစေချင်ကြ၊ သူတို့ကလည်း ရအောင် ဆုံတွေ့ကြသည်။ ၎င်းတို့ သုံးယောက်ဆုံမိရင်တော့ အနိမ့်ဆုံးအဆင့်ရာအိမ်မှုးလောက်နဲ့တော့ ဖြေရှင်း. . .

## အကြည်ကျော်

အကြည်တော်လုံးချင်းဝတ္ထုတွေဖတ်ရင်း သဘောကျရင်း၊ ပျော်ရင်း၊ စီးပွား(မီးပွား)မဟုတ်ပါ၊ သတ်ပုံမှားမှာစိုး၍ ကြိုတင်ရေးခြင်းပါ၊ စီးပွားရေးအရမ်းကောင်းသွားသဖြင့် မွေးလာသောကလေးကို အကြည်တော်ကိုအစွဲပြုပြီး အကြည်ကျော်ရယ်လို့ နာမည်ပေး ကင်ပွန်းတပ်လိုက်ရပါသည်။





## ကျော်ဆန်းဝင်း

အရပ်မောင်းအားဖြင့် မဆူ၊ မကြုံ၊ မနိမ့်၊ မမြင့်၊ လူတစ်ယောက်မှာ ရှိသင့်ရှိအပ်သော အရပ်အမောင်း၊ ရှိသင့်ရှိအပ်တာထက် ပိုတာက သူ့ရဲ့အင်မတန်မှ ပေါ်လွင်လှပသော တစ်ခုတည်းသော မဟာနှာခေါင်း ရှိရင်းစွဲထက် ရှိသင့်သော အတိုင်းအတာတစ်ခုထက်ပိုသည်။ မွေးဖွားပေးသော အရပ်လက်သည်က နှာတန်ပေါ်စေရန် လက်ဖြင့် ဆွဲဆွဲပေးသည်၊ နှစ်ဖက်မိဘဆွေမျိုးတွေက ထမင်းစားပြီး လက်ဆေးသကဲ့သို့ နှစ်ဖက်သော ဘယ်ညာ လက်တွေဖြင့် သန်သလို နှာတန် ဝိုင်းဖော်ပေးကြသဖြင့် အီကြာကွေးကို ကော်ဖြင့်ကပ်ပြီး မျက်နှာပေါ် တင်ထားပေးသလို ဖြစ်နေရသူက ကျော်ဆန်းဝင်း . . . ။

## မိုးကျော်

ရပ်မြင်သံကြားစမ်းသပ်ကာလ ဟာသလူရွှင်တော် ဦးဆိုနီ၊ ဦးမိုးကျော် ပေါ်လာခါစ၊ မိမိတို့နေထိုင်ရာ အလုံ ဆင်မင်းဈေးအနီး အငြိမ့်တစ်ဖွဲ့လာကရာ ပွဲဈေးတွင် မုန့်ဟင်းခါးရောင်းနေစဉ် ၎င်း အငြိမ့်အဖွဲ့၌ လူရွှင်တော်ဆိုနီနဲ့ မိုးကျော်ပါလာသည်။ မိုးမလင်း တလင်းလေးတွင် ပွဲကသိမ်းသွားသည်။ လက်ကျန်မုန့်ဟင်းခါးလေး နှစ်ပွဲစာကို ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ခုနကနိုင်ငံကျော်လူရွှင်တော်ကြီးနှစ်ဦး ရောက်လာပြီး တစ်ယောက်က BE လက်ကျန်လေးကို လွယ်အိတ်ထဲကထုတ်သောက်ကာ မုန့်ဖတ်မပါ ဟင်းရည်ချည်းပဲ တော်င်းသောက်၍ မြည်းသွားသည်။ ကျန်တစ်ယောက်က မုန့်ဟင်းခါးတစ်ပွဲ မှာစားပြီး ပိုက်ဆံပေးဘဲ

www.burmeseclassic.com



ပျောက်သလိုလို သူတို့၏ ဇာတ်ဆရာ ကပဲ မရှင်းရသေးသလိုလိုနဲ့ တောင်ပြေးမြောက်ပြေးနဲ့ မုန့်ဟင်းခါးသည် မဗိုက်နဲ့ ရန်တွေဖြစ်ကုန်တော့သည်။

နဖူးပြောင်ပြောင် မျက်တွင်းဟောက်ပက် ကွမ်းအမြဲစားပြီး ပါတိတ်အပွင့်လက်တို စတိုင်(လ်)ဘောင်းဘီအနက်ဝတ်ထားသော ကိုမိုးကျော်ကို မုန့်ဟင်းခါးသည် မဗိုက်က သူ့နဖူးကို နီးစပ်ရာ၌ ထောင်ထားသော ကောက်ညှင်းကျည်တောက်ဖြင့် ရိုက်လိုက်ရာ နဖူးကွဲသွားပြီး ထွက်ပြေးတော့သည်။

ရှုန်းရင်းဆန်ခတ်ဖြစ်နေချိန်တွင် ကျန် BE သမားဦးဆိုနီက တစ်ခြမ်းတည်းသော ဘဲဥကိုယူ၍ ထွက်ပြေးသွားသေးသည်။ ဆွေဆွေ့ခုန်၍ကျန်နေခဲ့သူက မုန့်ဟင်းခါးသည်မဗိုက်။ ဒီတော့ သူတို့နှစ်ယောက်ကို အခဲမကြေ အမြဲသတိရနေသည်။

ပို၍ သတိရသည်က မျက်တွင်းဟောက်ပက် ရေတွင်းလောက်မှ ဇောက်မနက်သော မိုးကျော်။ ထို့ကြောင့် မွေးလာသော ကလေးကို အမည်ပေးကင်ပွန်းတပ်လိုက်သည်။

သူ့နာမည်မိုးကျော် . . . ။



ကျော်သုံးကျော် စုရပ်၌ဆုံကြပြီ။ ဖြတ်သွားဖြတ်လာများက တစ်ဦးတလေမှ သူတို့သုံးယောက်ကို ဂရုမစိုက်။ မော်တင်ဗောတံတားပေါ်တွင် ထိုင်လိုက်ကြသည်။ ညပိုင်းဖြစ်၍ လေပြည်လေညှင်းက တိုက်ခတ်နေသဖြင့် နည်းနည်းတော့ အေးသလိုဖြစ်လာသည်။

"ကဲ. . ဒီည. . ဘာလုပ်ကြမလဲ"

မိုးကျော်ကစပြောသည်။ ကျော်ဆန်းဝင်းက စဉ်းစားနေသည် အကြည်ကျော်က. . .

"ရေဆင်းကူးမလား. . ."

ရေကြောက်သော မိုးကျော်နဲ့ ကျော်ဆန်းဝင်းက ကမန်းကတန်း မတ်တတ်ထရပ်ပြီး. . .

"မလုပ်နဲ့ . . . ငါတို့ ရေကြောက်တာ မင်းလည်းသိရဲ့သားနဲ့"

"ရေသန့်တောင် ဝယ်သောက်တာမဟုတ်ဘူး. ."

အကြည်ကျော်က အားပါးတရ ရယ်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကပ်စေး နည်းရစ်နည်းတယ်ပေါ့ကွာ၊ ငါဆိုရင် ကျောပိုးအိတ်ကလေးလွယ် သရီးကွာတားနဲ့ ရေသန့်ဘူးလေးကိုင်ပြီး ဖော်ရင်နာတိုးရစ်ပုံစံနဲ့ လမ်းလျှောက်ရတာ ဘယ်စတိုင်လ်နဲ့မှ မတူဘူးကွ"

မလှမ်းမကမ်း၌ ဆံပင်ဖားလျားချပြီး ထဘီရင်လျားနဲ့ ရှပ်ခပ်ဆိုးဆိုး မိန်းမကြီးနဲ့ အီးတီနဲ့တူသော ကလေးသုံးယောက်က သူတို့ကို လှမ်းကြည့်နေသည်။ သူတို့ရဲ့ လက်ထဲမှာတော့ ခေါက်ဆွဲစားလက်စလား စားပြီးသားလားမသိ၊ ဖော့ဘူးလေးတွေကိုင်ထားသည်။

"ဟော့ကောင် မိုးကျော် သွားမကြည့်နဲ့လေ"

"သူတို့ဟာ လူစားချင်လို့ကြည့်နေတယ်ထင်နေဦးမယ်"

အကြည်ကျော်က တစ်ချက်ဝေ့ကြည့်လိုက်ပြီး. . .

"ငါလည်း ရုပ်တော်တော်ဆိုးတာတွေ မြင်ဖူးပါတယ်ကွာ၊ ဗေလုဝ၊ အကြည်တော်၊ ဒါရိုက်တာမီးပွားတောင် သူတို့ကို အရှုံးပေးရမယ် . . . ကဲပါ ကိုယ့်ကိစ္စကိုယ် ဆက်ဆွေးနွေး"

ကျော်ဆန်းဝင်းက မတ်တတ်ရပ်ရာမှ ပြန်ထိုင်လိုက်ပြီး ပေါင်နှစ်ဖက်ကို သူ့အကျင့်အတိုင်း လက်နှစ်ဖက်ဖြင့်ပွတ်နေပြီး. . .

"ဟာ . . . ဒီလိုလုပ် . . . ရပ်ကွက်ထဲက ကင်းသမားကိုဘုမောင် သွားနှောက်မယ်၊ တစ်လတစ်ခါ ပိုက်ဆံလိုက်တောင်းပြီး ညတိုင်း အိပ်,အိပ်နေတာ၊ ဘယ့်နှယ်လဲ"

ကျန်တဲ့နှစ်ယောက် ခေတ္တငြိမ်နေသည်။ စဉ်းစားနေပုံရသည်။ မိုးကျော်က တောင်ကြည့်မြောက်ကြည့်လုပ်နေရင်း အမှတ်





မထင် ခုနက မိန်းမကြီးနဲ့ ကလေးတွေဆီ မျက်လုံးရောက်သွားသည်။ ရေကျနေချိန်ဖြစ်၍ ကမ်းနားက ရွှံ့ဗွက်တွေထဲ တဖြည်းဖြည်းချင်း ဆင်းသွားနေသည်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။ မှောင်ထဲမည်းထဲ ဘယ့်နှယ် ရေထဲကို ဆင်းနေပါလိမ့်ဟု. .

"ဟော့ကောင်. . မိုးကျော်. . ဘယ့်နှယ်လဲ ငါပြောတာ"

ဖြန်းခနဲ လက်မောင်းကို လာရိုက်၍ ကျော်ဆန်းဝင်းက မေးလိုက်သည်။ မိုးကျော်က ကျော်ဆန်းဝင်းကို လှည့်မကြည့်ဘဲ ရေထဲဆင်းနေသော မိန်းမကြီးနဲ့ ကလေးတွေကို လက်ညှိုးထိုးပြရင်း. . .

"တွေ့. . တွေ့လား. . ခုနက မိန်းမကြီးနဲ့ ကလေးတွေ ရေ. . ရေထဲ ဆင်းနေပြီ"

"မင်းကလဲကွာ. . အိုက်လို့ ရေဆင်းကူးတာနေမှာပေါ့"

မိုးကျော်က ဖင်တကြွကြွနဲ့ လှမ်းကြည့်ရင်း. . .

"ညဘက်ကြီး ဒီလှိုင်မြစ်ထဲ ရေဆင်းကူးမလားကွ . . ဟော ကြည့်. . ကြည့်. . ရေထဲကိုဆင်း . . ဟာ. . ပြန်ပေါ်မလာတော့ဘူး. . ဘာလဲဟ. ."

သုံးယောက်သား လှမ်းကြည့်လိုက်တော့ ရေထဲငုပ်သွားလားမသိ ပျောက်ကုန်သည်။ ကမန်းကတန်း ဗောတံတားအပေါ် ပြေးတက်လိုက်သည်။ မီးရောင်တွေ ထိန်နေသည်။ ကုန်တင်ကုန်ချ အလုပ်သမားတွေကတော့ သူတို့အလုပ် သူတို့လုပ်နေကြသည်။ ဘာမှမသိကြသည့်ပုံ. . .

"ဟာ"

မိုးကျော်ထံက အသံထွက်ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲမိုးကျော်. . ဘာလဲ"

"ဟို. . ဟို. . မှာ. ."

အူထစ်ထစ်အငေါ်ငေါ်ဖြစ်နေသော မိုးကျော်ကို ပခုံးဖက်၍ သူ လက်ညှိုးထိုးရာ လှမ်းကြည့်လိုက်ရာ. . .

"ဟင်. . ခုနက ရေထဲဆင်းသွားတဲ့. . ."

ဂိုဒေါင်တစ်ခု၏ အရိပ်တစ်ဝက်အောက်၌ ဘာတွေစားနေမှန်းမသိ အလုအယက်။ တစ်ကိုယ်လုံးလည်း ရေတွေစိုနေကြသည်။ သူတို့သုံးယောက်ကို လှမ်း၍ကြည့်နေသည်။ ကြည့်သည့်အကြည့်တွေက ရန်လိုနေပုံရသည်။ ကလေးတစ်ယောက်က ပါးစပ်ဖြဲ၍ လုပ်ပြလိုက်သည်။

"ဟာ. . သရဲ. . သရဲ. ."

"လျှာကြီးက အရှည်ကြီး. . ."

"လက်ဝါးကြီးက အကြီးကြီးပဲ. . ပြေး. . ပြေး. ."

အသားကုန်ပြေးလိုက်ရာ. . ကားလမ်းမကြီးပေါ် ရောက်သွားသည်။ ကားတွေက တဝီဝီနဲ့ မောင်းနေလေရဲ့. . .

"ဗိုး. . ."

"ဘုန်း. . ."

ရှေ့ဆုံးကပြေးသော မိုးကျော်ကို ဆလွန်းကားတစ်စီးက ဝင်ကျွေးလိုက်သည်။ မိုးကျော် လေထဲမှာ နှစ်ပတ်ကျွမ်းပစ်သွားသည်။ ကားကတော့ သူ ဘာမှမသိသလို မောင်းထွက်သွားသည်။

ကျော်ဆန်းဝင်း အဆဲမျိုးစုံဆဲပြီး အုတ်ခဲပြေးကောက်သည်။ အကြည်ကျော်က မိုးကျော်ကို ပြေးပွေ့သည်။ မိုးကျော်တပလက်ဖောင်းပေါ်က ဖြည်းညှင်းစွာ ထရပ်လာသည်။





"ဟင်. . ဟော့ကောင် မင်း ဘာမှမဖြစ်ဘူးနော်. ."

ကျော်ဆန်းဝင်းနဲ့အကြည်ကျော် အံ့ဩနေသည်။ အံ့လည်း အံ့ဩစရာပါ။ မိုးကျော်က အကောင်းပကတိ သွေးတစ်စက်မထွက် ကြောင်တောင်တောင်နဲ့ ရပ်နေသည်။

"ငါ. . ဘာဖြစ်သွားလဲ ကျော်ဆန်းဝင်း. ."

အကြည်ကျော်က တစ်ကိုယ်လုံး ဟိုစမ်း ဒီစမ်းနဲ့ အံ့ဩနေသည်။

"မင်း. . မင်း ဘယ်တုန်းက ဝိယဆေးထိုးထားလဲ"

ကျော်ဆန်းဝင်းက ခြေဆုံးခေါင်းဖျားကြည့်ပြီး. . .

"ကားတစ်စီးလုံး ဝင်တိုက်တာ ငါတို့ မြင်လိုက်ပါတယ် ခုဟာက. ."

မိုးကျော်ကတော့ ဘာမှမပြော *ကမ်းနားဘက်သို့ လှမ်း*လှမ်း ကြည့်နေရင်း. . .

"ကဲပါကွာ. . ငါဘာမှမဖြစ်တာ ပူမနေနဲ့. . ငါတို့ ဖြစ်ချင်တာ . . . လုပ်ချင်တာလုပ်ရဖို့အဓိက . . . လာ . . . သွားမယ်၊ တော်ကြာ ဟို သရဲမ မိသားစု လိုက်လာဦးမယ်. ."

ပြောပြောဆိုဆို မိုးကျော် ထွက်သွားသည်။ အကြည်ကျော်နဲ့ ကျော်ဆန်းဝင်းကတော့ ဘာကိုယုံရမှန်းမသိသော မျက်လုံး။ အံ့ဩသော အတွေးတွေနဲ့ နောက်က လိုက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ်(၂)

"ခွီး. . ခေါ်. . ကြွီကြွီ"

ကင်းသမား ကိုဘုမောင်ထံမှ အသံမျိုးစုံတို့သည် IC က တီးဝိုင်းထက် သာနေသေးသည်။ ဟောက်လိုက် သွားတွေကြိတ်လိုက်နဲ့။ အကြည်ကျော်က ရင်ဘတ်ပေါ်တင်ထားသော အညာစောင်ပါးပါးလေးကို အသာယာဆွဲယူလိုက်သည်။ ပြီးတော့ နောက်ပြန်လှည့်၍ မိုးကျော်ကို လှမ်းပေးရင်း ဘာဆက်လုပ်ရမည်ကို မေးဆတ်၍ မေးလိုက်သည်။

"အူး. . အူး. ."

ရုတ်တရက် ဘယ်ကရောက်လာမှန်းမသိသော ခွေးလေခွေးလွင့်တစ်စုက ကင်းထဲပေါ်ကိုကြည့်၍ အူနေကြသည်။ ကင်းသမား ကိုဘုမောင်ကတော့ သူနဲ့လုံးဝမဆိုင်သည့်ပုံစံ ဟောက်မြဲဟောက်လျက် အိပ်မြဲအိပ်လျက်။ မိုးကျော်က ကင်းသမားဘေးမှ ဆေးလိပ်ခွက်လုပ်ထားသော ဘီယာဘူးခွံအပြတ် တစ်ဝက်ကိုယူပြီး အူနေသော ခွေးတွေကို လှမ်းပစ်လိုက်သည်။





"ကတောက်. . ကတောက်. ."

ခွေးတွေက ထွက်မသွားဘဲ အူမြဲအူလျက်။ ပိုဆိုးသည်က သူတို့သုံးယောက်ကို တက်ပဲဆွဲတော့မလိုလို အမြီးတွေကုပ်ပြီး ကျကျနနဖင်ထိုင်ကာ အူနေတော့သည်။ အကြည်ကျော်က လေသံတိုးတိုးဖြင့်. . .

"ဟော့ကောင် မိုးကျော်၊ ပုဆိုးပါချွတ်၊ ဒါမှ မနက် ဘယ်လိုဖြစ်ရမှန်း မသိဖြစ်နေမယ်. . ဟီဟိ. ."

မိုးကျော်က ပုဆိုးချွတ်ရန်အလုပ် ကင်းသမား ကိုဘုမောင်က ဒူးခေါင်းနှစ်ခုကို ပူးပြီးထောင်လိုက်ရာ. . .

"ဟာ. . ဘာကြီးလဲဟ. . အကြီးကြီးပဲ"

အကြည်ကျော် လှမ်းကြည့်လိုက်သည်။

"ဟော့ကောင် သောက်ရူး အဲဒါ လက်နှိပ်ဓာတ်မီးကွ. . ၊ ယူလိုက်. . ယူလိုက်. ."

ကင်းသမား ကိုဘုမောင် ပေါင်ကြားထဲမှ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုယူပြီး အကြည်ကျော်ကို လှမ်းပေးလိုက်သည်။ အကြည်ကျော်က လက်နှိပ်ဓာတ်မီးထဲက ဓာတ်ခဲတွေထုတ်၍ အူနေသော ခွေးတွေကို လှမ်းပစ်လိုက်သည်။

ခွေးတွေက ထွက်မသွား အူမြဲအူလျက်။ မိုးကျော်က ကင်းသမားရဲ့ပုဆိုးကို အသာယာ ချွတ်ယူလိုက်ပြီး လုံးထွေးကာ လှေကား တစ်ဝက်၌ရပ်နေသော ကျော်ဆန်းဝင်းကို ပစ်ပေးလိုက်သည်။ ကျော်ဆန်းဝင်းက လှမ်းဖမ်းရာ လှေကား၌ ပတ်ချိတ်ထားသော သွပ်နန်း ကြိုးစနဲ့ပုဆိုးငြိပြီး ကျော်ဆန်းဝင်း ဖောက်ထိုးကြီး ပြုတ်ကျရာ ကမန်းကတန်း ခြေထောက်ဖြင့် ချိတ်လိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းနို့ကြီး ဇောက်ထိုးဆွဲထားသလိုဖြစ်နေသည်။

အောက်ပြုတ်ကျသွားသော ကင်းသမားကိုဘုမောင်၏ ပုဆိုးက ဆောင့်ကြောင့်ထိုင်ပြီး စိမ်ပြေနပြေ အူနေသော ခွေးတစ်ကောင်ပေါ်သို့ ပိုက်ကွန်အုပ်သကဲ့သို့ အုပ်လျက်ကြီးဖြစ်နေရာ ကျန်သော ခွေးတွေက အမြင်မှားပြီး ခွေးတိုက်ပွဲကြီးစတော့သည်။

"တောက် . . . ကောင်းကောင်း မအိပ်ရဘူး . . . ဝါ . . ရှီး . . ခွေးမျိုးယုတ်တွေ . ."

ဝုန်းတိုင်းကြဲနေသော ခွေးတွေ၏အသံတွေကြောင့် ကင်းသမားကိုဘုမောင် လန့်နိုးပြီး ငုတ်တုတ်ထထိုင်လိုက်သည်။ ပြီးနောက် ခေါင်းအုံးအောက်မှ လောက်စာလုံးနှင့်လေးခွ ထုတ်လိုက်ပြီး မိုးကျော်မျက်နှာတည့်တည့်ချိန်လိုက်ရာ. . .

"မိုးကျော်. . ဝပ်. . ဝပ်. ."

"ဝှီး. ."

"ကိန်. . ကိန်. ."

ကမန်းကတန်း မိုးကျော်က လှေကားတစ်ထစ်ကိုကျော်၍ ငုံ့ဆင်းလိုက်ရာ အကြည်ကျော်၏ခေါင်းပေါ်တွင် ဖင်ထိုင်လျက်သား ဖြစ်နေသည်။ အကြည်ကျော်ကလည်း မမှိုမကမ်းဖြင့် အောက်ငုံ့ကြည့်ချိန်မရဘဲ ညာခြေတစ်ဖက်ကို အောက်ထစ်လှမ်းနင်းရာ ဇောက်ထိုးဖြစ်နေသော ကျော်ဆန်းဝင်း၏ ပေါင်ခွကြားသို့ နင်းမိရက်သားဖြစ်သွားသည်။

"အား. . သေပါပြီ. . ဘယ်ကိုနင်းတာလဲ"

ဝရုန်းသုံးကားဖြစ်နေစဉ်မှာပင် ကင်းသမားကိုဘုမောင်က. .

"ဘယ်ခွေးမသားတွေ ငါ့ပုဆိုး လာယူသွားတာလဲကွ. ."





ပြောလည်းပြော နီးစပ်ရာ ခြံစောင်ကိုပတ်၍ မိုးကျော်တို့ သုံးဦးသား ခေါင်းတွေ ခြေထောက်တွေ နင်းပြီးဆင်းကာ ခွေးတိုက်ပွဲတွင် စစ်သူကြီးပမာ တစ်ကောင်ပြီးတစ်ကောင် လေးခွနဲ့ပစ်ခွင်းတော့သည်။ ခွေးတော်တော်များများ ရှင်းသွားတော့မှ စုတ်ပြတ်နေသော ပုဆိုးနဲ့ ဓာတ်ခဲတွေ မြင်သွားရာ. .

"ဟင်. . ဓာတ်ခဲတွေ. . ဟာ. . ငါ့ပုဆိုး. . ဘယ်လိုဖြစ်လို့ ကင်းတဲအောက်ရောက်နေတာလဲ. ."

"ဖုတ်. . ဖုတ်. . ဖြုတ်. . ဖြုတ်. ."

သုံးယောက်သား ခုန်ဆင်းပြီး နီးစပ်ရာ သစ်ပင်တွေဘေး ပြေးကပ်လိုက်သည်။ ခြေသံကြောင့်ပဲလားမသိ ကင်းသမားကိုဘုမောင် ချာခနဲလှည့်ကြည့်၍ လေးခွနဲ့ လှမ်းချိန်လိုက်သည်။

"ဘယ်ကောင်တွေလဲကွ . . . ငါ့ပုဆိုး ချွတ်ပြီး လွှင့်ပစ်တာ ကြောက်မယ်များထင်လို့လား . . . ဘုမောင်တဲ့ တွေ့မရှောင် ဘုမောင်ကွ"

အကြည်ကျော်က အနီးကပ်ဆုံးထွက်နေသော သစ်ကိုင်းလေးကို လှမ်းချိုးလိုက်ရာ. . .

"ဖျောက်. . . ဝှီး. . ဒေါက်. ."

မိုးကျော် မျက်နှာဘေးသို့ လောက်စာလုံးလာမှန်ပြီး ဖူးထွက်သွားသည်။ မြန်လိုက်သည့်ကိုဘုမောင်။ အသံကြားရာသို့ လှမ်းပစ်ထည့်လိုက်သည်။ ကျော်ဆန်းဝင်းက နေရာပြောင်းသည့်သဘောမျိုးဖြင့် အခြားသစ်ပင်တစ်ပင်ကို ပြေးကပ်ရာ ပြုတ်ကျနေသော ဓာတ်ခဲကို တက်နင်းမိပြီး ဝမ်းလျားထိုးကာ သစ်ပင်ကိုပြေးဆောင့်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလားလား. . သေပါပြီ. ."

မှောက်လျက်လဲနေသော ကျော်ဆန်းဝင်းကို ဘယ်ညာ တစ် ဖက်စီမှ အကြည်ကျော်တို့အုပ်စု ကင်းတဲနှင့်ဝေးရာ ပြေးကြတော့သည်။ နောက်ပိုင်းမှာတော့ ကင်းသမားကိုဘုမောင်နဲ့ ခွေးတစ်အုပ်စု ဆဲဆို ဆူညံ၍ ကျန်ခဲ့တော့သည်။



## အခန်း (၄)

"ဟိုး. . ဟိုး. . ရပြီ. . ရပြီ"

"ဆရာ . . . ဆရာ့ရဲ့တိုက်ခန်းရော ဟုတ်လို့လား . . . သေချာကြည့်ဦးနော်. ."

ဆိုက်ကားဆရာရဲ့စကားကြောင့် ပိတ်နေသော မျက်လုံး နှစ်လုံးကို အတင်းအားယူပြီး ဖွင့်ကြည့်လိုက်သည်။

"ငါ. . တိုက်ခန်းတော့တိုက်ခန်းပဲကွ. ."

"နေပါဦး တိုက်ခန်းရှေ့က တာ့ဒ်ပင် ဘယ်ကောင်လာခုတ်သွားတာလဲ. .၊ ငါက အဲဒီ တာ့ဒ်ပင်ကိုပဲ မှတ်ထားတာ. ."

ဆိုက်ကားဆရာက စိတ်ပျက်သောမျက်နှာပေးနှင့် ကြည့်ပြီး . . .

"ဘယ်သူမှ မခုတ်ပါဘူး ဆရာသမားရယ်၊ နာဂစ်လေ နာဂစ်ကြောင့် အမြစ်ပါ လန်သွားတာ၊ ခုတ်ရင် ပင်စည်လောက် တော့ ကျန်ဦးမှာပေါ့. ."

"ငါသိပါတယ်. . မင်း ဆရာမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ဆိုက်ကားခ. . ငါ့ဟန်းဖုန်းရော"

"ဆရာ့ ခါးမှာ ချိတ်ထားတယ်လေ. ."

"ဖြိုးရော. ."

ယိုင်ယိုင်ထိုးထိုးနဲ့ KTV က ပြန်လာသော ကားပွဲစား မျိုးကိုမျိုးကို တိုက်တွေရဲ့ မှောင်ရိပ်ခိုပြီး စောင့်ကြည့်နေသော အကြည်ကျော်တို့သုံးယောက်က. . .

"ကားပွဲစား ပြန်လာပြီကွ. ."

"တော်တော်လေး မူးနေပုံရတယ်. ."

"လုပ်ငန်းစမယ်. ."

မသိမသာ အနားကပ်သွားပြီး အိုးမဲသုတ်ထားသော မျက်နှာကြီးတွေနဲ့ မျိုးကိုမျိုးမျက်နှာတည့်တည့် သွားနှစ်ဖက်ဖြဲ၍ပြ လိုက်သည်။

'အမလေး သရဲကြီးဗျ' ဟု အော်ဟစ်ပြီး ထွက်ပြေးသွားမည်လို့ အားလုံးက ထင်ထားသော်လည်း မျိုးကိုမျိုးက မတုန်လှုပ်။ ဘာလဲဟ ဘယ်လိုကြီးလဲပေါ့။

"အရက်မူးနေတော့ မကြောက်ဘူးကွ. ."

"ခါးက ဖုန်းယူကွာ. . ဒါမှ သူ့မိန်းမနဲ့ သတ်မှာ. ."

"ကျော်ဆန်းဝင်း မင်းက ခေါင်းလောင်းကြိုးသွားဆွဲ. ."

ထိုစဉ်မှာပင် လမ်းထဲက ခွေးတစ်အုပ်စု ရောက်လာပြီး ထုံးစံအတိုင်း သူတို့အဖွဲ့ကို ထိုးဟောင်တဲ့အကောင်ကဟောင်၊ အူတဲ့သူ ကအူနဲ့ တစ်ရပ်ကွက်လုံး ပွက်လောရိုက်ကုန်ပြီ. . .

"ချွင်. . ချွင်. ."

ခေါင်းလောင်းကြိုးဆွဲသံကြောင့်လား ခွေးတွေပဲ အူလို့





လားမသိ၊ မျိုးကိုမျိုးရဲ့ ဇနီးက ဝရန်တာထွက်ကြည့်ပြီး ရေပုံးနဲ့ လှမ်းလောင်းချလိုက်တယ်. . .

"ဝုန်း. ."

"ဟာ. . မသာမ . . ရဲ့. . စိုကုန်ပြီ. ."

"ဟင်. . ဖေကြီး. . ကျွန်မကား . ခွေး. . ခွေး. . တွေ"

မျိုးကိုမျိုးက တိုက်ဝရန်တာမှ သူ့မိန်းမကိုမော့ကြည့်ပြီး. .

"ဘာ. . ဘာပြောတယ်၊ ငါက ခွေးလား၊ ခွေးမို့လို့ရေနဲ့ပက်တာပေါ့လေ. . တွေ့မယ်. . အပေါ်ကြမှတွေ့မယ်. ."

ဒယိမ်းဒယိုင်နဲ့တက်သွားသော မျိုးကိုမျိုးကို သုံးယောက်သား အမှောင်ထဲက ရပ်ကြည့်နေလိုက်တယ်။ ပြတင်းပေါက်မှီးအလင်းရောင်အောက်မှာ သူတပြန် ကိုယ်တပြန် လက်ညှိုးတွေထိုးပြီး ရန်ဖြစ်နေသော မျိုးကိုမျိုးတို့လင်မယားကို အသံအုပ်ပြီး သူတို့တွေ ရယ်နေလိုက်ကြတယ်။ သိပ်မကြာလိုက်ဘူး မျိုးကိုမျိုးရဲ့ မိန်းမနဲ့ ကလေးတစ်ယောက် လက်နှိပ်ဓာတ်မီးယူပြီး လမ်းမပေါ် ဆင်းလာတာတွေ့တော့. . .

"အကြည်ကျော်. . ပြေးကြစို့. ."

"OK"

မျိုးကိုမျိုးရဲ့မိန်းမက ဟိုထိုးကြည့် ဒီထိုးကြည့်နေတုန်း ကလေးဖြစ်သူက. . .

"အမေ. . ဒီမှာ တွေ့ပြီဗျို့. ."

လမ်းမပေါ်ပြုတ်ကျနေသော GSM ဖုန်းလေး. .

"ဘယ်လောက်တောင် သောက်လာလဲမသိဘူး၊ ဒါက

www.burmeseclassic.com



ချိတ်ထားတဲ့ ဖုန်းတောင် ပြုတ်ကျရတယ်..၊ သေချင်းဆိုးကြီး ဒီညစာ အငတ်ထားမယ်.."

ကလေးဖြစ်သူက လုံးခြေထားသော စာရွက်တစ်ခုကို ကောက်ယူလိုက်ပြီး...

"အမေ.. ဒီမှာ ဘာစာရွက်လဲမသိဘူး.."

ဖြန့်ကြည့်လိုက်တော့ KTV က ဘောက်ချာ...

"အမလေး...အမလေး...စုစုပေါင်း လေးသောင်း ကျော် ကြီးများတောင်.."

"အိမ်က စာချုပ်ပြည့်တော့မယ်၊ ကုန်စျေးနှုန်းကတက်နဲ့ ဒင်းကိုပြောလိုက်ရင် ကားဝိုင်းထဲမှာ အဝယ်အေးနေတယ်လေး ဘာလေးနဲ့ ခုတော့ ကြည့်စမ်း သောင်းဂဏန်းကျော်ကြီး မိသားစု အတွက်တော့ ကြာဇံကြော်လေးတစ်ပွဲတောင် မဝယ်လာဘူး.. တွေ့ကြသေးတာပေါ့ ငမျိုးရယ်.."

ဘောက်ချာစာရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး မြေပြိုမတတ် တုန်ခါနေသော ခြေလှမ်းတွေက မျိုးကိုမျိုးရဲ့ နောက် နေ့ အနာဂတ်အတွက် မတွေးဝံ့ မတွေးရဲစရာပါပဲဗျာ...



အခန်းငယ်(၄

"ချလောက်"

"ချလောက်"

ဂိုဒေါင်တံခါးပေါက်မှ တစ်စုံတစ်ရာသောအသံကြောင့် ဖတ်လက်စ ဟိုဒင်းဟိုဟာစာအုပ်လေးကို အသာအယာ ဖျာစုတ် အောက်ထိုးထည့်လိုက်ပြီး ဘေးမှာထောင်ထားသော ဝါးရင်းတုတ် ကိုယူ လက်နှိပ်ဓာတ်မီးတစ်ဖက်နဲ့ မပြေးရုံတမယ် တံခါးနား ရောက်သွားကာ အသာကပ်ပြီး နားထောင်လိုက်တယ်၊ ခိုးခနဲ ချွတ်ခနဲတောင်မကြားရ နားကြားလွဲသွားသည်ဟု ထင်ပြီး ပြန် လှည့်ရန်အလုပ်..

"ဂျလောက်"

"ဂျလောက်"

လေလည်းမတိုက်ပါဘူး။ လေတိုက်မှ သစ်ကိုင်းတွေလှုပ် မှာ။ ပြီးတော့ လှုပ်စရာ ဂိုဒေါင်နားတစ်ဝိုက် သစ်ပင်တွေလည်း မရှိတော့ နာဂစ်က အကုန်သိမ်းသွားပြီ။ ဒါဆိုဘာလဲ ဘုရား ဘုရား တစ်ခုခုတော့ တစ်ခုခုပဲ...

www.burmeseclassic.com



"ဝုန်း. . ."

"ဒုန်း. . ဒုန်း. . ဒုန်း. ."

ဂိုဒေါင်သွပ်ပြားပေါ် ခဲလုံးကျသံတွေ။ ကမန်းကတန်း ဂိုဒေါင်တံခါးကိုဖွင့်ပြီး ဟန်ကိုယ့်ဖို့ပုံစံနဲ့. . .

"ဟိတ်. . ဘယ် ခွေးမသားတွေ လက်ကမြင်းနေတာလဲကွ၊ ဒါ မင်္ဂလာဆောင်အိမ်မဟုတ်ဘူး၊ ခဲဘိုးလာမတောင်းနဲ့. ."

"ဝုန်း. . ဝုန်း. ."

"ဒုန်း. . ဒုန်း. . ဒုန်း. ."

ပြောနေတုန်း နောက်ထပ်ခဲသံတွေ ထပ်ကြားနေရသည်။ တစ်ကိုယ်လုံးမှာရှိတဲ့ မွေးညှင်းတွေ ထောင်ထလာသည်။ မည်းမည်း မြင်သမျှနေရာမှန်သမျှ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့လည်း ဘာမှမတွေ့။ အရှေ့ထဲ ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ ခွေးအချို့က လာပြီး အူနေပြန်ပြီ. . .

"ဟေ့. . ဟေ့. . ကောင်တွေ. . သတ္တိ. . ရှိ. . ရင်. . ထွက်ခဲ့. . ငါ့. . နာမည်. . သျှိသူအောင်. . ."

အသံတွေက တုန်နေသည်။ စကားလုံးတွေက အထစ်ထစ် အငေ့ါငေ့ါ. . .

"မ. . မလုပ်နဲ့နော် . . . မကြောက်ဘူးများ . . ထင်နေလား၊ ဂိုဒေါင်. . စောင့်လာတာ. . အနှစ်. . နှစ်ဆယ်. . ကျော်လာ. . ပြီ. . ကွ. ."

တစ်ချပ်ပွင့်နေသော တံခါးပေါက်မှနေ၍ မိုးကျော်တို့အုပ်စု အသာ လှစ်ခနဲဝင်လိုက်ပြီး ခုတင်အောက် ပုန်းသူကပုန်း၊ စားပွဲအောက် ဝင်သူကဝင်၊ ရေတိုင်ကီအဟောင်းကြီးတွေကြားထဲ





ဝင်သူကဝင်နဲ့၊ အပြင်မှာတော့ လုံခြုံရေးညစောင့်ကြီး သျှိသူအောင် တစ်ယောက်တည်း ဆဲဆို အော်ဟစ်နေသည်။ နာရီဝက်ခန့် ငြိမ်သက်သွားပြီး တစ်ယောက်တည်း ဗျစ်တောက် ဗျစ်တောက်ပြောပြီး ပြန်ဝင်ပါသည်။

"ဒုန်း. ."

တံခါးကိုဆွဲပိတ်ပြီး ထိုင်နေကျ ခုတင်စုတ်လေးပေါ် ပြန်ထိုင်ချလိုက်စဉ်. .

"ဂျလောက်. ."

အားလုံး မှောင်အတိကျသွားသည်။ အကြည်ကျော် မီးခလုတ်ပိတ်လိုက်သည်။

"တောက်. . . အရေးထဲ မီးကပျက်ရသေးတယ်"

အိတ်ထဲက ဂတ်(စ်)မီးခြစ်ထုတ်ခြစ်ပြီး ခုတင်ဘေး ချထားသော ဖယောင်းတိုင်ကို ထွန်းလိုက်သည်။

ကျော်ဆန်းဝင်းက လှမ်းမှုတ်လိုက်သည်။ မီးက ငြိမ်းသွားသဖြင့် သျှိသူအောင် ထပ်၍ မီးညှိဖြစ်သည်၊ ညှိလိုက် မှုတ်လိုက်ဖြင့် တဖြည်းဖြည်းနှင့် သျှိသူအောင် ချွေးတွေပြန်စပြုလာပြီ။ မိုးကျော်က လက်လှုပ်ပြီး ခဏငြိမ်ခိုင်းသဖြင့် အမှောင်ထဲမှ ငြိမ်ပြီးကြည့်နေလိုက်သည်။ အရသာရှိလိုက်တာ။ သူတို့စုံတွဲတွေ ဂိုဒေါင်နားလာပြီး စကားပြောရင် လာလာမောင်းထုတ်နေသော ဂိုဒေါစောင့်ကြီး ခုတော့ ချွေးတွေပြန်၊ လူက ကတုန်ကရင်နဲ့. . .

"ဟိုက်. . ဟေ့ကောင်တွေ ဟိုမှာတွေ့လား. ."

ကျော်ဆန်းဝင်း လက်ညှိုးထိုးရာကြည့်လိုက်တော့ ဘာအိတ်တွေမှန်းမသိသော အပုံကြီးအပေါ်မှာ. . . ပထမ ညစောင့်

www.burmeseclassic.com



လုံခြုံရေး ကိုလွမ်းဝေနိုင် ငုတ်တုတ်ကြီးထိုင်လို့. . လက်တစ်ဖက်မှာလည်း ပုလင်းပြားတစ်ခုနဲ့ သူတို့ကို ပြုံးပြီးကြည့်နေသည်။

"ဒါ. . ဒါ. . အစစ်ကွ. . "

"အဲဒီလူကြီး ဆုံးသွားတာ ကြာပြီလေ. . "

"ဂိုဒေါင်ထဲက ပစ္စည်းတွေ နိုးခိုးရောင်းပြီး ရှက်ကိုဖွဲ့တာနဲ့ ဆုံးတာမဟုတ်လား"

အကြည်ကျော်က ဖျတ်ခနဲ မီးခလုတ်ဘေး ပြေးပြီးမီးဖွင့်ချလိုက်သည်။ ဂိုဒေါင်စောင့်ကြီး ကိုသျှိုသူအောင်က ဖယောင်းတိုင်ထွန်းပြီး မီးခလုတ်ဆီအသွား. . .

"ဂျောက်. . အမလေးဗျ. . မီးလင်းတယ်. . "

ဂိုဒေါင်အတွင်းပိုင်းတစ်ခုလုံး မီးတွေထိန်သွားပြီး ပထမ လုံခြုံရေး ကိုလွမ်းဝေနိုင်ကိုကြည့်လိုက်တော့ ထိုင်မြဲထိုင်လျက် ပြုံးမြဲ ပြုံးလျက်၊ မိုးကျော် ထင်းရှူးသေတ္တာတွေဘေးကပ်ပြီး တံခါးနား မသိမသာ ကပ်သွားပြီး နောက်ကကောင်တွေ လှည့်ကြည့်လိုက်တော့. .

"ဟင်. . တစ်ယောက်မှမရှိတော့ဘူး၊ 'ဘယ်အချိန်လစ်သွားမှန်းမသိ. . သတိထားနေရက်နဲ့ ထင်းရှူးသေတ္တာအလွတ်တစ်လုံးကို ဝင်တိုက်မြစ်အောင် တိုက်လိုက်သေးတယ်"

"ဝုန်း. . ဘုန်း. . "

ညစောင့်ဂိုဒေါင်သမား အဲ့လေ ဂိုဒေါင်ညစောင့်သမားကြီး ပြေးလာပြီး ဝါးရင်းတုတ်နဲ့ လှမ်းရိုက်လိုက်သည်။ ကံကောင်းလို့ မိုးကျော် ခေါင်းပေါ်မှ ဖြတ်သွားသည်။

"ဗွီး. . ".





"တောက်. . ခွေးမသားတွေ ပြေးမယ်ဆိုလည်း လက်တို့ပေါ့. . "

တစ်ဦးတည်း ရေရွတ်ရင်း ဂိုဒေါင်အပြင်ကိုရောက်တော့ ပိန်းပိတ်မှောင်လျက်။ ခွေးတွေအုံလာပြီး ထုံးစံအတိုင်း အူကြမြန်ရော . . .

'ရှီ' အကြည်ကျော်က လေချွန်ပြီး လှမ်းခေါ်သည်။ အထွက် တစ်ချက် လက်စွမ်းက ပြလိုက်သေးသည်။

"ဝုန်း. . ဒုန်း. . ဒုန်း. . "

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၃

"နောက်တယ် ပြောင်တယ်ဆိုတာ အတိုင်းအတာတစ်ခုပဲ ကောင်းတယ်ငါ့သားရဲ့၊ နောက်တဲ့ပြောင်တဲ့လူက ဘာရယ်မဟုတ်ပေမယ့် အနောက်ပြောင်ခံရတဲ့လူအဖို့မှာ အခြားအကြောင်းရာတွေ ဖြစ်ပေါ်လာနိုင်တယ်. . "

အကြည်ကျော် ခေါင်းငုံ့နေသည်။ သဘောကတော့ မြန်မပြော နားမထောင်သည့်သဘောမျိုး။ စိတ်ညစ်တယ်။ ဘာလုပ်လုပ် ဘာတိုင်ကိုင် . . ဟိုဟာမလုပ်နဲ့နော် . . ဒီဟာမလုပ်နဲ့နော်နဲ့ စည်းကမ်းချက်တွေက အများကြီး. . .

"သား ဘာတွေလုပ်နေလို့လဲ အမေရယ်. . "

အမေက ဘုရားစင်ပေါ်က စိပ်ပုတီးကိုလှမ်းယူပြီး . . . အကြည်ကျော်ဘက်ကို ဖြည်းညင်းစွာလှည့်ရင်း. .

"ဘာမှတော့မလုပ်ပါဘူး၊ ရွာဘုရားပွဲသွားတုန်းက အလှူလုပ်ဖို့ ရေထမ်းရောင်းတဲ့ မောင်မြင့်သိန်း ရေတံပိုးကြီးကို လူတွေအလစ်မှာ လွှနဲ့တိုက်ပြီးထားတော့ ရေလဲထမ်းရော တံပိုးကြီးကျိုးပါရောလား. . . "





ခေါင်းငုံ့နေရာမှ တစ်စုံတစ်ခုပြောဖို့ ခေါင်းမော့လိုက်တော့ အမေက လက်ကာပြပြီး. . .

"ကိုသာလှ အသုဘတုန်းကလဲ မင်းတို့သူငယ်ချင်းအုပ်စုတွေ ဘာလုပ်ခဲ့ကြလဲ. . တစ်ရွာလုံးပျက်တော့မလို့ ကံကောင်းသွားတယ်"

ဟုတ်တော့လည်းဟုတ်သား။ အဲဒီတုန်းက ကျွန်တော်တို့ကျော်သုံးကျော် ရွာမှာ တော်တော်လေး မွှေခဲ့ကြတယ်၊ ကိုသာလှဆုံးပြီး နှစ်ရက်မြောက် ရွာဓလေ့အရ ဆွေမျိုးစုံအောင် ရက်တစ်ခုသတ်မှတ်ပြီး ထားတဲ့အချိန်. . .

"ဟဲ့. . အကြည်ကျော်တို့အုပ်စု ဆိုင်းပစ္စည်းတွေ ဝိုင်းချပေးလေဟယ်. . "

လှည်းပေါ်တပစ္စည်းတွေ ဝိုင်းချပေးနေတာကိုမြင်ရဲ့နဲ့ ထပ်ပြီး ကွန်ပလိမ်းတက်လာတော့ နည်းနည်းရင်ခုသွားတယ်. .

"ဟာ. . အရီးလေးကလဲ ဝိုင်းကူသယ်ပေးနေတဲ့ဥစ္စာ"

"ဟဲ့. . နင်သယ်တဲ့ပစ္စည်းလဲ ပြန်ကြည့်ဦးလေ. . ဆိုင်းဝိုင်းထဲက ပန်းပြားအသေးဆုံးလေးကို မ,နေပြီးတော့"

ပြောလည်းပြောစရာ မိုးကျော်က ဝါးလက်ခုပ်နှစ်ခုကို မ,နေသေးတယ်၊ ကျော်ဆန်းဝင်းက ဆိုင်းဆရာတွေအတွက် ချကျွေးထားတဲ့ လက်ဖက်သုတ်တွေ ဝင်ကြိတ်ပြီး ပစ္စည်းတွေ ဟိုပုံဒီနေရာချနဲ့ အိမ်ရှင်ကျနေတာပဲ လက်ညှိုးတထိုးထိုးနဲ့။ ညပိုင်းလည်းကျရော ဆိုင်းအဖွဲ့က ဘယ်ကပွဲကူးလာတယ်မသိပါဘူး။ ညစာလည်းစားပြီးရော အိပ်လိုက်ကြတာ အတုံးအရုံး. . .

"ဟေ့ကောင် အကြည်ကျော်. . ဘာလုပ်ကြရင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မလဲ ပျင်းတယ်ကွာ. . ”

ကျော်ဆန်းဝင်းကလည်း. . .

“ဟုတ်တယ် အားလုံးလန့်ဖျပ်ပြီး ဘယ်သူမှမအိပ်ရဲအောင် တစ်ခုခုလုပ်ရင်ကောင်းမယ်. . ”

“နေဦး. . ဒါဆိုရင် ငါ့ဘကြီး ငယ်ငယ်တုန်းက ပြောဖူးတဲ့ အကြောင်းရာတစ်ခုရှိတယ်။ ဒီတော့ ထမင်းချက်တဲ့လူတွေ အိပ်ချိန်ကို ခဏလေးစောင့်”

တဖြည်းဖြည်းနဲ့ ချက်တဲ့ပြုတ်တဲ့လူတွေလည်း ကြုံရာနေရာလေးတွေမှာ ဝင်အိပ်သူကအိပ် ဖဲဝိုင်းကလူတွေလည်း တဖြည်းဖြည်းနဲ့ တစ်ယောက်စ နှစ်ယောက်စ ဖလက်တွေပြကုန်ပြီ။ နာရီကိုကြည့်လိုက်တော့ နှစ်နာရီကျော်စလေးပြုလာပြီ. . .

ကွယ်လွန်သွားတဲ့ အသုဘကိုသာလှကြီးကို အလောင်းစင်ပြင်ထားတဲ့အပေါ်က 'မ'ချလာပြီး မနက်ချက်ကျွေးဖို့ ချက်ပြုတ်ထားတဲ့ ဝက်သားဟင်းအိုးဘေးမှာချ ဆောင့်ကြောင့်ထိုင်တဲ့ပုံစံမျိုးဖြစ်အောင် နောက်က ဝါးလုံးတစ်ခုနဲ့ ထောက်ထားပြီး သူ့ပါးစပ်ထဲကို ဝက်သားတစ်တုံး၊ လက်ထဲကို ဝက်သားတုံးတွေထည့်ပေးပြီး

“ဆိုင်းဆရာ. . ဆိုင်းဆရာ”

“ဟင်. . အင်. . အင်. . ”

“ဆိုင်းဆရာ. . ဆိုင်းဆရာ”

“ဟင်. . ဗျာ. . ဘာလဲဗျာ. . ”

“နှဲဆရာ ခဏထဦး. . ”

စသည်ဖြင့် ဆိုင်းတစ်ဝိုင်းလုံးကို လေသံတိုးတိုးလေးနဲ့ လိုက်နှိုးပြီး အကျိုးအကြောင်းပြောပြတော့ ဆိုင်းတစ်ဖွဲ့လုံး နိုး





လာပြီး မသိမသာ ပတ်စာတပ်သူကတပ်၊ နှဲ လျှာခင်တပ်သူကတပ်၊ ရေကွင်း(လင်းကွင်း)ကို အသာလေးယူသူကယူနဲ့ မျက်လုံးတွေအားလုံးက ဖုတ်ဝင်နေတဲ့မသာ လန့်သွားအောင် ဖုတ်ထွက်သွားအောင်လုပ်ဖို့ တညီတညွတ်တည်း အားလုံး အဆင်သင့်လည်းဖြစ်ရော. . .

“ထိပေ. . ထိပေ”

“ဖျောင်း. . ဖျောင်း. . ”

“ဝွန်း. . ဝွန်း. . ”

“တီ. . တီ. . ”

ပတ်မသံတွေရော နှဲသံတွေရော ရေကွင်း(လင်းကွင်း) သံတွေရော ဆူညံသွားတာပဲ . . အသုဘအိမ်မှာလာဝိုင်းလုပ် ဝိုင်းကူနေတဲ့ ရပ်ဝေးရပ်နီး အကုန်လန့်နိုးကုန်ရော. . .

“ဟဲ့ဟဲ့. . ဘာဖြစ်တာလဲ. . ”

“လုပ်ကြပါဦး. . မီးလောင်လို့ပါ. . ”

အိပ်ပျော်နေတဲ့လူတွေကို တက်နင်းသူကနင်း၊ ရေနွေးခရားအိုး ခလုတ်တိုက်သူကတိုက်၊ ထမင်းချက်တဲ့မြင့်အောင်ကြီးက ညဦးပိုင်းထဲက မူးနေတဲ့အရှိန် မပြေဘူး၊ အခေါင်းကြီး ဝင်ခလုတ်တိုက်လိုက်တာ ခုတင်ဘေးမှာ အိပ်နေတဲ့ ဒေါ်စောကြီးပေါ် ကွက်တိ မှောက်လျက်အုပ်ပြီးသား၊ ကာလသားခေါင်းဆောင် ကိုကျင်ထွန်းအောင်က ထိုင်နေတဲ့မသာ ကိုသာလှကို နောက်က သိုင်းဖက်ပြီး. .

“အမ်မာ. . အခွင့်ရေးသမားက အရေးထဲ ဟင်းနှိုက်စားနေသေးတယ်. . ”



www.burmeseclassic.com

www.burmeseclassic.com



လက်ကို နောက်ပြန်လိမ်ပြီး ဆွဲလှည့်လိုက်တော့. . .

"ဟာ. . မသာကြီးဗျ. . "

ဆိုပြီး အမြှုပ်တစီစီနဲ့ ပုံလျက်သားလဲကျသွားရော . . မသာကြီး ဟင်းတွေနှိုက်စားလို့ဆိုတဲ့ သတင်းက ရွာထဲ ချက်ချင်းပြန့်နှံ့သွားရော နဲ့ဆရာခမျာလည်း ဘယ်သူကဘယ်နေရာ တက်နင်းသွားတယ် မဆိုနိုင်ဘူး. . တစ်နေရာတည်းမှာတင် လျှာတစ်လစ်နဲ့ ဆန့်ငင် ဆန့်ငင်ဖြစ်နေတယ်. . .

"မလုပ်နဲ့နော်. . မလုပ်နဲ့နော်. . တို့အမေတို့က ပြောနေတာ ပြောချင်လို့ ပြောတာမဟုတ်ဘူး၊ အဲဒီအပျော်ဟာ တစ်ချိန်လူကိုပြန်ပြီး ဒုက္ခပေးတတ်တယ်. . "

အမေ့စကားကြားတော့မှ တွေးလက်စအတွေးတွေ ပျောက်သွားတယ်. . .

"ငါတို့အုပ်စုတွေ ဝိညာဉ်တို့ သရဲတို့ ဖြစ်သွားရင် သိပ်ကောင်းမှာပဲ၊ ဒါမှ လွတ်လွတ်လပ်လပ်လုပ်ချင်တာ၊ ဖြစ်ချင်တာတွေ လုပ်လို့ရမှာကွ. . "

ဆိုတဲ့ မိုးကျော်ရဲ့စကားကို ပြန်ကြားယောင်ပြီး ပြုံးနေလိုက်မိသေးတယ်. . .

"ဟဲ့. . ဘာပြုံးနေတာလဲ၊ ငါပြောတာကြားလား. . "

"ဩော်. . ဟုတ်. . ဟုတ်ကဲ့ အမေ. . "



အခန်း(၃)

အကြည်ကျော်မိခင်ပြောလည်း ပြောစရာ၊ သူတို့သုံးယောက် ဆုံလိုက်မိပြီဆိုရင် တစ်ခုမဟုတ်တစ်ခုတော့ လုပ်ကြစမြဲဟုတ်တာရော၊ မဟုတ်တာရော၊ ပြီးတော့ ဘာကိုမှ ယုံကြည်မှုသိပ်မရှိကြတော့ ဆုံးမရခက် သားလိုဖြစ်နေသည်။ တစ်ခါကလည်း ခုနကလိုမျိုး နာရေး ကိစ္စ၊ ဆွေရိပ်မျိုးရိပ်မကင်း ဆိုပြန်တော့လည်း မလွတ်လည်းခက်၊ လွတ်လည်းခက် ရက်လည်မည့်နေ့ မိဘဆွေမျိုးအသိုင်းဝန်းက သူတို့ မျက်နှာပျက်မှာစိုးလို့ အရိပ်တကြည့်ကြည့်နဲ့ အလွတ်မပေး။

ညဦးပိုင်းမှာတော့ တော်တော်လေး ငြိမ်ချက်သားကောင်းနေကြသည်။ ကြက်သွန်ဝိုင်းလှီးသူကလှီး၊ မီးထိုးသူကထိုးနဲ့ တဖြည်းဖြည်းနဲ့ ညဉ့်ကနက်လာပြီ။ မိုးကလည်း တဖွဲဖွဲနဲ့ ကားလမ်းဘေးနဲ့နီးတော့ ကားသံတွေတစီစီပေါ့။ နောက်တော့ တဖြည်းဖြည်းနဲ့ တစ်စီးစနှစ်စီးစနဲ့ ကားသံတွေကျဲသွားတော့သည်။

ရက်လည်မည့်အိမ်ကလည်း စေ့စေ့ပေါက်ပေါက် လူ



www.burmeseclassic.com

www.burmeseclassic.com



ရေတွက်လိုက်မှ ဆယ်ယောက်မပြည့်ချင် ယောက်ျားလေးမှ သူတို့ အပါအဝင် လေးယောက်လောက်ရှိတာ။ ခြံရှေ့တံခါးပိတ်ရပ်ထားတဲ့ ကားက ဆလွန်းလေးနှစ်စီးရယ် အပေါ်ထပ် တက်အိပ်သူက အိပ် အောက်ထပ်မှာ ကွာစိတားရင်းနဲ့ ဖဲရိုက်သူက ကျို့တို့ကျဲတဲ..

"ဟဲ့ . . . ကလေးတွေ . . . အမေတို့ ခဏလှဲလိုက်ဦးမယ်.."

"ဘာပြဿနာမှ မကြားချင်ဘူးနော်.."

"ဟုတ်ကဲ့.."

သွပ်ပြားပေါ်ကိုကျတဲ့ မိုးရေသံက တဖျောက်ဖျောက် အိမ်ရှေ့ ၃၇နှံ့ဟင်းခါးအိုးအပေါ်ကို ထိုးထားတဲ့ ကုလားဖျင်းကြားက စိမ့်ကျလာတဲ့ မိုးရေက ဒန်အိုးအဖုံးပေါ် တဖောက်ဖောက်နဲ့ ညဦးပိုင်းမှာ မသိသာပေမဲ့ ကားသံလူသံတွေ စကားသံတွေရှင်းနေတော့ တဖြည်းဖြည်းနဲ့ ရေကျသံဟာ ကျယ်လောင်လာသလိုမျိုး ဖြစ်လာတယ်။

ဒီတစ်ခါ ထူးခြားချက်က ကျော်ဆန်းဝင်းနဲ့အကြည်ကျော် မိုးအေးလို့လားမသိဘူး၊ ကွယ်လွန်သူရဲ့ ဓာတ်ပုံရှေ့နားမှာ ကွေးကွေးလေး။ ကျန်နေသူက မိုးကျော် တစ်ဗွေတည်း။ ဘာလုပ်ရမလဲပေါ့ စဉ်းစားနေတယ်။ ကုလားဖျင်းထိုးထားတဲ့ ခြံရှေ့ထွက်ပြီး ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။

တောင်ကြည့်မြောက်ကြည့်လုပ်နေရင်း အမှတ်မထင် ထင်းပုံဘေးက ပုလင်းပြားလေးတစ်ခုကို တွေ့လိုက်ရတော့ အကြံတစ်မျိုးဝင်သွားတယ်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ အားလုံး နီးပါး အိပ်ရာထဲဝင်ကုန်ပြီ။ ဒီတော့. . ခြံရှေ့ထွက် ပလပ်စတစ်





ခွက်ကလေးထဲ အရက်အနည်းငယ်နဲ့ရေရောပြီး

"ကဲ. . . . . . . ရေ. . မနက်ဆိုရင် ခင်ဗျားကွယ်လွန်တာ၊ ခုနစ်ရက်ပြည့်ပြီ၊ ခင်ဗျားအတွက် ကောင်းရာဘုံရောက်အောင်"

စကားမဆုံးသေး တစ်ဖက်ကားလမ်းက ညသိပ်ထားတဲ့ ဟီးနိုးကားကြီးအောက်က ခွေးနှစ်ကောင်က ဆွဲဆွဲငင်ငင်ကြီးအူနေပြန်ရော. . .

"အရက်ဆွမ်းရော နေ့ဆွမ်းပါကပ်မယ်။ မကြာခင် သံဃာတော်တွေ ကြွလာတော့မယ်။ ဒီတော့. . ခင်ဗျား ဒီအနီးနားတစ်ဝိုက်ရှိလား မရှိဘူးလားဆိုတာကို ကျွန်တော့်ကို သက်သေတစ်ခုလောက် ပြစမ်းပါ. ."

ဖြန်းဆို ရှေ့မှာရပ်ထားတဲ့ ဆလွန်းကားအဖြူရောင်လေးက ဟွန်းသံထမြည်ရော၊ အိပ်နေတဲ့လူတွေ အကုန်လန့်နိုးကုန်တယ်။ အချိန်မတော်ကြီး ကားဟွန်းသံက ထမြည်တော့. . .

"ဟဲ့ဟဲ့. . ကား ဘယ်သူသွားကလိလဲ. ."

မြည်တာမှ အသံရှိန်မပြတ်ဘူး။ ကားပိုင်ရှင်ပြေးလာပြီး အံ့ဩနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကားက မှန်တွေအလုံပိတ်ပြီး လော့(ခ်)ချထားတာ။ ဘယ်လိုမှ ပိတ်လို့မရတဲ့အဆုံး ကားဘောနက် ဖုံးဖွင့် Battery ခေါင်း ပလပ်ဖြုတ်လိုက်တော့မှ ငြိမ်ကျသွားတော့တယ်. . .

"ဟေ့ကောင် မိုးကျော် မင်း ဘာတွေသွားလုပ်လဲ. ."

အကြည်ကျော်တို့က အသံအုပ်ပြီး နှစ်ကိုယ်ကြားမေးတော့ မိုးကျော်က စပ်ဖြဲဖြဲလုပ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ . . ငါတို့ တစ်ခါက သုသာန်မှာလုပ်တဲ့နည်းလေ . . စမ်းသပ်ကြည့်တာ ဒီပုဂ္ဂိုလ် ဒီပတ်ဝန်းကျင်ရှိတာ ကျိန်းသေ"

စကားမဆုံးသေး သံယာတော်တွေကြွလာတုန်း ကားဟွန်းသံက ထပ်မြည်ပြန်ရော။ နောက်တစ်ခါ မြည်တာက တခြားကားတစ်စီး. . .

"လက်တွေ့ပဲဟေ့ . . . ဒီပုဂ္ဂိုလ်ဘဝ . . ဘယ်လောက်လွတ်လပ်လဲ၊ သွားချင်ရာသွား၊ စားချင်ရာစား၊ လုပ်ချင်ရာလုပ်လို့ရတယ်၊ ဘယ်သူမှမမြင်ဘူး၊ မတွေ့ရဘူးကွ. . "

မိုးကျော်ရဲ့စကားကို. . .

"အေး . . . ဟုတ်တယ်နော်. . လန်းတယ်ကွာ . . ငါတို့လဲ ခဏလောက်လုပ်လို့ရရင် သိပ်ကောင်းမှာပဲ. . "

တစ်ခွန်းစ နှစ်ခွန်းစ ကြားသွားတဲ့ အဒေါ်ကြီးတစ်ယောက်က . .

"ဟဲ့. . ကလေးတွေ. . ပေါက်ကရတွေ လျှောက်မပြောနဲ့လေ. . မပြောကောင်းမဆိုကောင်း. . "

ကျော်ဆန်းဝင်းက ပခုံးလေးတွန့်ပြလိုက်ပြီး မိုးကျော်ရဲ့ နား ရွက်ကို လှမ်းဆွဲလိုက်တော့ ခြေဘေးကပ်လျက် ကားဝပ်ရှော့တကျပ် သိပ်မပြည့်တဲ့ အလုပ်သမား ရဲဝင်းပုံစံမျိုးနဲ့ သူ့နားရွက်သူ ရိုက်ပြီး တောက်ကလည်း ခေါက်သေး။

"တောက်. . တောက်. . မလုပ်နဲ့နော်. . နားရွက်ကို မလုပ်နဲ့နော်. . "တဲ့။



အခန်းစဉ်(၄)

'ပုဇွန်တောင်ဘူတာ'

အချိန်အားဖြင့် ၁ နာရီကျော်ကျော်။ အကြည်ကျော်တို့အုပ်စု လေပြည်လေးတဖြူးဖြူးနဲ့ ထိုင်နေကြသည်။ ဟိုလူကိုစ ဒီလူကိုနောက် ခဲ့တာတွေလည်း တော်တော်များနေပြီ။ ဘာဆက်လုပ်ကြမည်လို့ စဉ်းစားနေကြသည်။ တစ်ခါတစ်ရံ ပတ္တရောင်လှည့်သော ရဲများကို တွေ့ရသလို ဘယ်ကဘယ်လိုရောက်ရောက်လာမှန်းမသိသော ခွေးလေခွေးလွင့်များက လာရောက်အူနေသဖြင့် ရထားလမ်းအပေါ်က ခဲတွေနဲ့ပစ်ပေါက်မှ ထွက်သွားတော့သည်။ ထိုစဉ်မှာပင် အသားအလွှန်တရာမှမည်းသော လူတစ်ယောက် တောင်းကြီးတစ်လုံးထမ်း၍ ဝင်လာပြီး ၎င်းတို့အုပ်စုကြားထဲ ဝင်ထိုင်လိုက်ပြီး. . .

"ငါ့ညီတို့က ဘယ်ကလဲကွ. . "

သုံးယောက်သား တိုင်ပင်ထားသလို တစ်ယောက်မျက်နှာတစ်ယောက် မြိုင်တူ ကြည့်မိရက်သားဖြစ်သွားသည်။ ပြောရ

www.burmeseclassic.com



ကောင်းနိုး၊ မပြောရကောင်းနိုး စဉ်းစားနေစဉ်မှာပင် မိုးကျော်က. . .

"ဒီလိုပါပဲ အစ်ကိုရယ်. . အခြေမဲ့အနေမဲ့တွေ၊ အစ်ကိုကကော ဘယ်ကလာတာလဲ. ."

ဘေးမှာချထားသော တောင်းစုတ်ကြီးထဲ ဘာတွေရှာဖွေနေမှန်းမသိပါဘူး. . ပြီးမှ. .

"အစ်ကိုလား. . ဝေးတယ်. . တော်တော်ဝေးတယ်၊ ပင်လယ်ပိုင်းနဲ့နီးတဲ့ လပွတ္တာအပိုင် ဘီတွက်ဘက်က. ."

"ဗျာ. . ဘီတွက်က ဒီကို ဘယ်လိုရောက်လာတာလဲ. ."

သူက အကြည်ကျော်ရဲ့စကားကို သဘောကျသွားဟန်ဖြင့် အားရပါးရ ရယ်လိုက်တယ်. . ပြီးမှ. .

"ဒီလိုကွ. . ငါ့အမျိုးတွေက သာကေတမှာ နေကြတယ်၊ သူတို့က ဈေးတွေထဲမှာ ပုစွန်ခြောက်၊ ငါးခြောက်တွေ ရောင်းတယ်လေ၊ တစ်လတစ်ခါ အဲဒီကုန်တွေကို အစ်ကိုက လာလာပို့နေကျကွ. ."

ဒီတော့မှ သုံးသီးသား ဘဝင်ကျသွားသည်။

"အေး. . ကြုံတုန်း ဘီတွက်မှာဖြစ်ခဲ့တဲ့ အဖြစ်ပျက်လေးတစ်ခု မင်းတို့ကို ပြောပြမယ်။ ဘယ့်နှယ် စိတ်ဝင်စားလား"

ရေငတ်တုန်း ရေသန့်ဘူးရသလိုမျိုး သူတို့အကြုံကုန်နေချိန် ဒီလူဆီက အကြောင်းရာတစ်ခုရရင် နောက်လို့ပြောင်လို့ရပြီ။ ကမန်းကတန်း. . .

"ပြောပါအစ်ကို. . ကျွန်တော်တို့ စိတ်ဝင်စားတယ်"

သူတောင်းစုတ်ထဲ ဘာတွေပါတယ်မသိဘူး။ သူခြေ





ထောက်နားကို ဆွဲယူပြီး နေရာပြောင်းလိုက်တယ်. .

"ဒီလိုကွ တို့ရွာဘက်မှာ သမ္ဘန်သမားတွေရှိတယ်၊ မင်းတို့မြို့မှာလို အငှားလိုက်တဲ့ ဟိုကားလေးတွေရှိသလိုပေါ့. ."

TAXI ကားကို မပြောတတ်ဘူးနဲ့တူပါတယ်။ ဆက်ပြီးဘာပြောမလဲပေါ့။ သုံးယောက်စလုံးရဲ့နားတွေ မျက်လုံးတွေက အဲဒီလူဆီက မခွာဘူး. . .

"အဲဒီ အငှားသမ္ဘန်သမားတွေက ရွာကထွက်တဲ့ ပုစွန်၊ ငါးတွေပေါ့ မြို့မှာရှိတဲ့ အဝယ်ဒိုင်တွေကို ပိုင်ရှင်တွေကိုယ်စား သွား သွားပို့ပေးရတယ်. ."

နားထောင်နေရင်းနဲ့ ဘာအနံ့ဆိုးကြီးမှန်းမသိဘူး ပုပ်အဲ့အဲ့ကြီးထွက်လာတယ်။ ဘယ်ကဘယ်လို လာနံနေပါလိမ့်။ ရထားကြိတ်လို့သေတဲ့ ခွေးသေကောင်ပုပ်လား၊ ကြွက်ပုပ်လားပေါ့။ အားလုံးရဲ့နှာခေါင်းတွေက စူပွစူပွနဲ့. . .

"သွားပို့တော့လဲ မနက်ဝေလီဝေလင်းလောက် ရွာကထွက်မှ တော်ကြတာလား၊ ဟိုရောက်တော့ ရေခဲရိုက် မြို့တွေပို့ပေါ့. ."

ခွေးသုံးကောင် သူတို့စကားဝိုင်းကို လာနှောင့်ယှက်ပြန်ပြီ။ နီးစပ်ရာခဲတွေနဲ့ပစ်တော့မှ သကောင့်သားတွေ ခပ်လှမ်းလှမ်းရောက်သွားပြီး ထိုင်အူနေကြပြန်ရော။

"တောက်. . ကောင်းခန်းရောက်ခါ နီးနေပြီ. . ."

"တစ်ရက်ပေါ့. . သမ္ဘန်ပေါ်မှာ ပုစွန်ထုပ်အကြီးကြီးတွေ အပြည့်တင်ထားတဲ့ သမ္ဘန်သမားဟာ လှော်ခတ်သွားတုန်း၊ ဘီတွက်အကျော်မှာ ကမ်းပေါ်က ကောင်မလေးခပ်ချောချော



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က လှမ်းခေါ်တယ်ကွ. . ”

ကောင်မလေးဆိုတဲ့အသံကြောင့် သုံးယောက်သား ပိုပြီး စိတ်ဝင်စားသွားတယ်။ ပြောနေတဲ့လူကြီးနား မသိမသာ ကပ်သွားတယ်. . .

“အဲဒီ ကောင်မလေးက လမ်းကြုံလိုက်ပါရစေတဲ့. .၊ ပိုက်ဆံပေးဆိုလဲ ပေးမယ်ပေါ့၊ ချောတာမှ တော်တော်ချောတာ ဟေ့ကောင်တွေ၊ မင်းတို့မြို့က အိန္ဒြာကျော်ဇင် ပုံစံမျိုးလေးကွ. . ”

“ဟုတ်ကဲ့. . ဆက်ပြောစမ်းပါ ဦးလေးရာ. . ”

ခုနက အပုပ်နံ့က ထွက်လာပြန်ပြီ။ ဘယ်သူလေလည်းသလဲဆိုတဲ့ ပုံစံမျိုးနဲ့ တစ်ယောက်ကိုတစ်ယောက် မသင်္ကာသလို ကြည့်လိုက်တယ်. . .

“အဲဒါနဲ့ ခုနက ကောင်မလေးကို သမ္ဗန်ဦးမှာထိုင်ပေါ့၊ ပိုက်ဆံလည်း ပေးစရာမလိုပါဘူးပေါ့၊ ဆက်လှော်သွားရော. . ”

ကျော်ဆန်းဝင်းက. . .

“ဆက်လှော်သွားတော့ ဘာတွေဖြစ်သေးလဲဦး. . ”

ဦးလေးကြီးက လက်ကာပြပြီး. . .

“ပြောမယ်လေ မပူပါနဲ့ မင်းတို့သာ ငါ့နားမှာနေမယ်ပြော အများကြီးကျန်သေးတယ်. . ”

“ဟာ. . နေမှာပေါ့ မိုးလင်းတဲ့အထိနေမယ်. . ”

စကားလွန်မှာစိုးသဖြင့် အကြည်ကျော်က မိုးကျော်ကို တတောင်ဖြင့်တွက်လိုက်သည်။

“အေး . . အဲဒီလို လှော်ရင်း လှော်ရင်းနဲ့. .၊ ရွာဆက်တော်တော်ဝေးတဲ့နေရာလောက်လည်းကျရော၊ ခုနက ကောင်မလေးက သမ္ဗန်ဦးကနေပြီး ဘာမပြောညာမပြောနဲ့ လက်ပြန်လှမ်းပြီး ပုစွန်တွေ ယူစားရောဗျာ. . ”





ခွေးတွေရောက်လာပြီး လာအူပြန်ရော။ မိုးကျော်က ခဲနဲ့ ကောက်ထုလိုက်သည်။

“ပထမတော့ သမ္ဗန်ဆရာက၊ သူ ဗိုက်ဆာလို့နေမှာပေါ့၊ လေးငါးခြောက်ကောင် ဘာမှမဖြစ်သွားပါဘူးလို့ အဲဒါနဲ့ မပြောဘဲ ဆက်လှော်နေတာပေါ့. . ”

“သိပ်မကြာဘူး ကောင်မလေးက ထပ်နှိုက်ပြန်ရော၊ သူ တစ်ခါတစ်ခါယူတာ တစ်ပိသာနီးပါးဖြစ်လာတော့ အချိန်လျော့ရင် သမ္ဗန်သမားတာဝန် ဖြစ်မှာစိုးတော့. . ”

လက်နှိပ်ဓာတ်မီးရောင်တွေ သူတို့ထိုင်နေတဲ့နေရာကို ရောက်လာပြီး ဟိုထိုးဒီထိုးနဲ့လုပ်တော့ သုံးယောက်သား ပလက်ဖောင်းဘေးမှာ ဝပ်နေလိုက်တယ်။ ခုနကလူမဲကြီးကို မတွေ့ဘူးနဲ့ တူပါတယ်။ လုံခြုံရေးတွေ ပြန်လှည့်ထွက်သွားတယ်။

“ကောင်လေးတွေ လာလေကွာ. .၊ ကောင်းခန်းရောက်ကာနီးပြီ. . ”

ကမန်းကတန်း ပြေးပြီးထိုင်လိုက်တယ်. . .

“အေး. . ဘာတဲ့. . ဪ ဟုတ်ပြီ. .၊ သမ္ဗန်သမားက သူ့မှာ တာဝန်ရှိတော့ ‘ဟေ့. . ကောင်မလေး အဲဒီလိုယူယူမစားနဲ့လေ စားချင်ရင် တော်ရုံစား’လို့လည်း ပြောလိုက်ရော၊ ငါ့ကောင်တွေရေ ဖျတ်ခနဲ လူကမလှည့်ဘူး သူ့ခေါင်းကြီးပဲ နောက်ပြန်လှည့်လာရော၊ ပြီးတော့ ခုနကလို ချောချောလေးမဟုတ်တော့ဘူး မီးလောင်ထားပြီး ရွဲရွဲနေတဲ့ မျက်နှာကြီး. . . ”



www.burmeseclassic.com

www.burmeseclassic.com



"စားတော့ဘာဖြစ်လဲတဲ့၊ ပြန်အော်ပြီး သမ္ဗန်သမားကို လည်း ပင်းထည့်ပြီး ရေထဲ ပစ်ချလိုက်ရော. ."

ကျော်သုံးကျော် ကြက်သီးတွေထသွားသည်။ ကိုယ်တွေ ကသာ သူများတွေကို သရဲလိုက်ခြောက်၊ လိုက်နောက်နေတာ ဒီလူကြီးပြောတဲ့ သမ္ဗန်သမားနေရာမှာဆိုရင်ဆိုတဲ့ အတွေးလေး တွေ လှစ်ခနဲ ဝင်သွားသည်။

"သမ္ဗန်သမားကွာ အကြောက်ကလည်းလွန် လည်ပင်းက လည်း အညှစ်ခံရတော့ ရေနစ်ပြီးသေရတော့တာပေါ့"

အကြည်ကျော်က. . .

"အဲ. . အဲဒီကောင်မလေးကရော. ."

"ပုစွန်ထုပ်တွေ အားပါးတရစားပြီး ကမ်းပေါ် ခုန်တက် သွားတယ်၊ ပြီးမှသိတာက မထမဦးဆုံး ကောင်မလေး သမ္ဗန်ကို လှမ်းတားတဲ့နေရာက သင်္ချိုင်းကုန်းထဲမှာ. . ."

မိုးကျော်က နှာခေါင်းပိတ်ပြီး. . .

"အဲဒါတွေ ဦးလေး ဘယ်လိုလုပ်သိလဲ. .၊ ဘယ်သူက ပြောပြတာလဲဟင်"

ဦးလေးကြီးက မတ်တပ်ရပ် ခါးညောင်းဆန့်ပြီး. .

"ငါ့ကိုယ်တွေ့လေကွာ. ."

"ဗျာ. ."

ရှိရှိသမျှသော မွေးညှင်းတွေ၊ ဆံပင်တွေ အကုန်ထောင် ကုန်သည်။

"ဟုတ်တယ်လေ. . ငါသေသွားလို့၊ မီးသင်္ဂြိုဟ်ပြီးတာ မနေ့ ကပဲ၊ ငါ့အစ်မဆီ ပုစွန်ခြောက်သွားပို့မလို့ လိုက်ဦးမလား. ."





စကားမဆုံးလိုက်ရ။ ကျော်သုံးကျော် မရှိတော့ဘူး။ ထင် သားပဲ ပုတ်စော်နံပါတယ်လို့. . .

တောက် . . . အရေးမပါတာ၊ ခွေးတစ်အုပ်ကလည်း နောက်က ထပ်ကြပ်မခွာ. . အူမြဲအူ. . ဆူမြဲ ဆူ. . သူတို့က လည်း ပြေးမြဲပြေး . . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ([illegible])

"ဟော့ကောင်. . ဟိုကလာနေတာ မန္တလေးသား ဇော်ဝင်းနိုင်ရဲ့ မယားပါသားမဟုတ်လား. ."

လမ်းဘေး အုတ်ခုံလေးတစ်ခုပေါ်မှာ အမောပြေထိုင်နေတုန်း မိုးကျော်က လှမ်းပြောလိုက်တယ်။ လှမ်းကြည့်လိုက်တော့ ဟုတ်သားဟ ကျွတ်ကျွတ်အိတ်လေးသုံးလေးအိတ်နဲ့ ဘာတွေဝယ်လာတာပါလိမ့်၊ ဖျတ်ခနဲ မိုးကျော်ထပြေးပြီး ချာတိတ်လက်ထဲက အထုပ်တစ်ထုပ် ဆတ်ခနဲယူပြီး ပြေးလာတယ်။

ချာတိတ်က တောင်ကြည့်မြောက်ကြည့်နဲ့ လန့်ပြီး နောက်ကြောင်းပြန်ပြေးရော။ မပြေးခံနိုင်မလား။ အချိန်က ညနေစောင်း ၆ နာရီကျော်ကျော် ၇ နာရီအတွင်း. . .

တစ်ချိန်တည်း ဆိုက်ကားနင်းလာတဲ့ ကိုသန်းစိုး ဘာမြင်သွားတယ်မသိဘူး။ အသံကုန်အော်ဟစ်ပြီး ဆိုက်ကားပေါ်တခုန်ချပြီး ပုဆိုးတခြား လူတခြား ပြေးလိုက်တာ. . .

ပြေးမှာပေါ့ မိုးကျော်ဆွဲယူပြေးလာတဲ့ ကျွတ်ကျွတ်အိတ်





အထုပ်ကို ခေါင်းကကြီးကြီး ကိုယ်လုံးလေးတွေကသေးသေး ကလေးနှစ်ယောက်နဲ့ ညစောင့်ကြီး ကိုလွမ်းဝေနိုင်တို့က ဝင်လုတာကိုး. .

ကျော်သုံးကျော်လည်း ပြေးရပြန်ပြီ။ ပြေးရင်းလွှားရင်းနဲ့ ဘယ်နေရာ ဘယ်ရပ်ကွက်တွေထဲတောင် ရောက်ကုန်မှန်း မသိဘူး။ ညပိုင်းကြီး လမ်းမပေါ် သွားသူကသွား စားသူကစားနဲ့၊ ခက်တာက ကျွန်တော်တို့အုပ်စု သူများတွေကို စဖို့ နောက်ဖို့အတွက်ပဲ စဉ်းစားနေတာ ဗိုက်တောင်ဆာရမှန်းမသိဘူး။ မအိပ်ဘဲ သွားလာနေတာ ဘယ်နှရက်တောင်ရှိမှန်း မသိတော့ဘူး။ တတ်နိုင်ဘူးအိမ်နဲ့ဝေးလေ ကောင်းလေပဲ။ အဆူမခံရ အရိုက်မခံရရင်ပြီးရော စိတ်တူကိုယ်တူတွေ။

အသုဘအိမ်တစ်အိမ်တွေ့လိုက်တယ်။ ဘာရယ်ဘာရယ် မဟုတ်ဘူး။ ခပ်တည်တည်နဲ့ အိမ်ပေါ်တက်လိုက်တယ်။ ချက်နေပြုတ်နေတဲ့လူတွေရော ဘာတွေထိုင်စားနေမှန်းမသိတဲ့ လူတစ်စုကရော မမြင်ဖူးတဲ့လူစိမ်းတွေ မလိုမုန်းထား ရန်လိုတဲ့အကြည့်တွေနဲ့. .

"ကျွန်တော်တို့လည်း ပါမယ်"

"ဘာကစားတာလဲ"

ပြောလည်းပြော ဝင်လည်းထိုင် ဝိုင်းထဲကလူတွေက သိပ်တော့မကြည်ဘူး။ တစ်ယောက်စာနည်းနည်းဖယ်ပေးတယ်။ အကြည်ကျော်က အသုဘစင်ကို လှမ်းကြည့်ပြီး ပါးစပ်က ရေရွတ်လိုက်တယ်။

"မ. . . . . . အသက် ၇၆ နှစ်၊ ဩော်. . မိန်းမကြီးဘိုး"

www.burmeseclassic.com



ဘယ်လိုနည်းနဲ့ စရမယ်၊ နောက်ရမယ်ဆိုတာ စဉ်းစားတုန်း . . .

"ရှမ်းကိုးမီးကစားတာနော်"

နံရိုးကြားထဲမှာ ဓားမြှောင်ကတန်းလန်းနဲ့ ဒိုင်လုပ်သူက လှမ်းပြောတယ်။ မိုးကျော် ခန္ဓာကိုယ် တွန့်ခနဲဖြစ်ပြီး ပြန်ထမယ်အလုပ်၊ အကြည်ကျော်က လက်ကို မသိမသာပြန်ဆွဲပြီး ထိုင်ခိုင်းလိုက်တယ်။

"မကြောက်နဲ့. . အဲဒါ. . မျက်လှည့်ဂွင်တွေ. . ဖိန့်ဖိန့်လုပ် နေတာ. . ."

နှစ်ကိုယ်ကြားလေသံနဲ့ အားပေးလိုက်တယ်။ ဒိုင်လုပ်သူရဲ့ ဘေးကလူကလည်း နားရွက်တွေပြတ်နေပြီး ပိုဆိုးတာက သူ့ခြေထောက်နှစ်ချောင်းလုံးမရှိဘူး။ သွေးစိမ်းရှင်ရှင်တွေထွက်လို့ ထရခက် ထိုင်ရခက်နဲ့။ မိန်းမဝဝကြီး ပါးစပ်ကရွဲ့ နှာခေါင်းကမရှိနဲ့ ထဘီရင်လျားကြီးနဲ့ အိမ်ပေါ်တက်လာတယ်။ သူ့လက်ထဲမှာလဲ ပန်းကန်ပြားတစ်ချပ်၊ ဘာတွေလဲလို့ သိချင်တော့ လှမ်းကြည့်လိုက်တယ်။

'ဝေါ့' ဆိုးလိုက်တဲ့အနံ့၊ ငါးပုပ်တွေနဲ့ နောက်ဖေးလမ်းကြားထဲ လွှင့်ပစ်ထားတဲ့ စားကြွင်းစားကျန်တွေ ဘယ်လိုလူတွေပါလိမ့်။ အချိန်မတော်မှ ဈေးသွားပြီးသူများ လွှင့်ပစ်ထားတာတွေ ယူလာပြီး ချက်ပြုတ်စားသောက်ကြတာနဲ့တူပါတယ်။

ညဥ့်နက်လာတာနဲ့အမျှ သူတို့တတွေရဲ့ မျက်နှာတွေကမ ကောင်းဆိုးဝါးပုံစံတွေဘက် အလေးသာလာတာ သတိပြုမိလာတယ်။





"နင်. . ဖဲကြည့်နေတာလည်း ဟုတ်သေးပါဘူးဟယ်၊ ဘေးလူတွေသိတယ်. . ဖယ်. . ငါကစားပြမယ်"

ဘယ်ကဘယ်လိုရောက်လာတဲ့ မိန်းမကြီးမှန်းမသိပါဘူး။ မိုးကျော်နဲ့ အကြည်ကျော်တို့နှစ်ယောက်ကြားဝင်ထိုင်ပြီး မိုးကျော်လက် ထဲက ဖဲချပ်တွေယူရင်း ပြောလိုက်တယ်။ အားပါးရေမချိုးတာ ဘယ်နှရက်များရှိနေပြီလဲမသိ။ ချဉ်စုတ်စုတ်အနံ့ဆိုးကြီးက သူ့ကိုယ် ဆီကထွက်လာတယ်။

"မဆွဲဘူးနော် နှစ်ချပ်ထဲ၊ ဟိုကောင် ခြေပြတ် မင်းအိမ်လှန်"

မသိမသာနဲ့ ကျော်ဆန်းဝင်းကိုလှမ်းကြည့်တော့ ကတုန်ကရင်နဲ့ ဘယ်သူ့လက်ညှိုးထိုးပြနေမှန်းမသိဘူး။ မိုးကျော်က ဒိုင်ဖဲကို စိတ်ဝင်တစားကြည့်နေတယ်. . .

ခုနက ဝင်လာတဲ့ မိန်းမကြီးက. . .

"ဒိုင်ဆွဲရင်လှန်ပြ ဟောဒီမှာ"

ဖဲချပ်လည်းလှန်ပြ သူ့လက်တစ်ဖက်က ခုနက ငါးပုပ်တွေ ယူစားလိုက်တယ်။ ပြီးတော့ ညာဘက်ကြီး အပြင်မှာ ထိုင်ပြီးသန်းရှာနေတဲ့ မိန်းမနှစ်ယောက်ဘက်လှည့်ပြီး. . .

"ဟဲ့ကောင်မတွေ မိုးလင်းတော့မယ်၊ အရှာအဖွေ ထွက်ကြဦးလေ. ."

သူလှည့်ကြည့်တော့မှ သူ့မျက်နှာကို အကြည်ကျော် တွေ့လိုက်ရတယ်။

"ဟာ. . ."

စ,ဝင်ဝင်လာခြင်း အသုဘစင်ပေါ်မှာ ပြင်ထားတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



လောင်းကောင်မကြီး၊ အလောင်းစင်ကိုလှမ်းကြည့်လိုက်တော့ ဘာမှမရှိ သူကြည့်သလို ဖြိုင်တူကြည့်မိတာက မိုးကျော်၊ မျက်နှာမှာ သွေးမရှိတော့ ဖြူဖတ်ဖြူရော်နဲ့. . .

ဝုန်းဆို ထပြေးမယ်လည်းလုပ်ရော ခြေပြတ်နေတဲ့ သွေးစိမ်းရှင်ရှင်လူက ခြေထောက်လှမ်းဆွဲရော. .


“ပွဲမပြီးသေးဘူးလေ. . ဘယ်သွားမှာလဲ”

မိုးကျော်က အဲဒီလူရဲ့မျက်နှာကို ဖြတ်ကန်ထည့်လိုက်တယ်။ သူပက်လက်လန်အလဲမှာ ဒိုင်လုပ်သူက သူ့နံရိုးကြားကဓားကို ဆွဲထုတ်လိုက်တာ သွေးတွေက ဝေါခနဲ ပန်းထွက်လာပြီး ခုနက ငါးပုပ်တွေစားနေတဲ့ အသုဘအလောင်းကောင်မကြီး မျက်နှာတွေ ပေကျံကုန်ရော. . .

သုံးယောက်သား ဟိုလူကဆွဲ ဒီလူကဆွဲနဲ့ ဝုန်းဒိုင်းကြဲပြီး ထွက်ပြေးသွားတော့ သန်းရှာနေတဲ့ မိန်းမတွေရော ကျန်နေခဲ့တဲ့လူတွေရော တဟီးဟီးတဟားဟားနဲ့ ကျန်နေခဲ့တယ်။ ဘယ့်နှယ့်ဘယ့်နှယ် ကိုယ်က သူများကို သရဲခြောက်မဲ့ဥစ္စာ ကိုယ်ကချည်းခံနေရပါလားလို့၊ အကြည်ကျော်နဲ့တကွ ကျန်တဲ့နှစ်ကောင်ပြေးရင်းတွေးနေမိလိုက်သေးတယ်။

မဖြစ်သေးပါဘူး။ မိုးလင်းတော့မယ်။ နီးစပ်ရာတစ်နေရာဝင်အိပ်ပြီး မနက်ကျမှ ဘယ်ရောက်နေလဲဆိုတာ စုံစမ်းရဦးမယ်။ ခုလောလောဆယ်တော့ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ‘တောက်’ မောရတဲ့ကြားထဲ ဘယ်ကလိုက်လာမှန်းမသိတဲ့ ခွေးတစ်အုပ်က တစ်မျိုး. . .





“ဟဲ့ မိုးကျော် မိုးချုပ်နေပြီလေ. . ဒါက ဘယ်လဲ”

လှမ်းထားတဲ့ခြေလှမ်း တွန့်သွားတယ်။

“အခွေ. . သွားအပ်မလို့”

အမေက မသင်္ကာသောပုံစံမျိုးနဲ့ လှမ်းကြည့်ပြီး. .

“စာမေးပွဲနီးနေပြီနော် ခြေလှမ်းတွေ နည်းနည်းပြင်လိုက် အခွေအပ်မယ်ဆိုရင် ခုနစ်နာရီလောက်ထဲက သွားအပ်ပေါ့။ ခုတော့ ဆယ်နာရီကျော်နေပြီ”

လက်ထဲက အခွေ CD ချပ်ကို မြင်သာအောင်ပြလိုက်ပြီး

“ရပါတယ် အမေရဲ့၊ ဆိုင်ရှင်က သဘောကောင်းတယ်”

“ဒါဆိုအတော်ပဲ ညီမလေးရဲ့ စာအုပ်ပါ တစ်ခါတည်း အပ် ခဲ့ပေးနော် နှစ်ရက်စာ ကိုလေးပဲ စိုက်ပေးလိုက်. . ”

“ငါက ဘာလို့ စိုက်ပေးရမှာလဲ စိုက်ပေးလည်း တစ်ခါမှ ပြန်မရဘူး၊ ဆံထုံးလည်းစိုက် ဆီလည်းစိုက်နဲ့. . .’

အမေက သူ့ရဲ့ ပါဝါထူထူမျက်မှန်ကြီးကို လက်ဖြင့်ပင့်တင်လိုက်ပြီး. . .

www.burmeseclassic.com



"မိုးကျော် ဒါ နင့်ရဲ့ ညီမလေ"

"ဟုတ်ပါတယ် ဘယ်သူက မဟုတ်ဘူးလို့ ပြောနေလို့လဲ ခုဟာက အိမ်မှာ ဘာလိုလဲ ကြက်သွန်လိုလဲ ကျွန်တော်ပဲ ပြေးဝယ်၊ လက်ဖက်ရည်ဆိုလည်း ကျွန်တော်ပဲပြေးဝယ် အမေ့သမီးက မြေမနင်းဘူး၊ သူ့ကိုခိုင်းရင် ဘာမှမလုပ်ချင် အပြင်မထွက်ချင်နဲ့"

ထွေးလေးက အမေ့ဘေး ဝင်ထိုင်လိုက်ပြီး စူပုပ်ပုပ်မျက်နှာပေးနဲ့. . .

"တွေ့လားမေမေ. . သမီး သရဲကြောက်လို့ပါလို့ ပြောထားတဲ့ဥစ္စာ. . ."

"ဘာပြောတယ်. . သရဲကြောက်တယ် ဟုတ်လား. . ညဘက်ကတော့ ထားပါတော့ နေ့ခင်းဘက်လည်း ကြောက်တာပဲလား၊ ဘာမှခိုင်းမရဘူး၊ ရည်းစားနဲ့ချိန်းတွေ့ရင် ဘာမှကြောက်မှာမဟုတ်ဘူး. ."

အမေက သူ့ရဲ့ဖတ်လက်စ သတင်းစာကို စားပွဲပေါ် ချလိုက်ပြီး. . .

"မိုးကျော် ကလေးကို ဘာတွေပြောနေတာလဲ၊ ကိုယ့်မှာ မွေးကြည့်မှ ဒီ ညီမလေးတစ်ယောက်တည်း ကျန်တာ သည်းခံရမှာပေါ့"

"ဒေါက်. . ဒေါက်. . ဒေါက်. ."

"ဟော. . မင်းအဖေပြန်လာပြီ၊ တံခါးဖွင့်ပေးလိုက်၊ မြန်မြန်ဝင်ခိုင်း . . လမ်းထဲမှာ နာရေးရှိတယ်. ."

အဖေ့လက်ထဲက ပါဆယ်ဝယ်လာတဲ့ ကြက်ဆီထမင်းဘူးတွေ လှမ်းယူပြီး အမေ့ပါးစပ်ကလည်း. . .





"ဖွ. . ဖွ. . အဖေကြီးရယ် နောက်ဆို ညပိုင်းအိမ်ပြန်ရင် အစားသောက်တွေ မဝယ်လာပါနဲ့၊ မကောင်းဆိုးဝါးတွေ ကပ်ပါလာရင် ဘယ့်နှယ်လုပ်မလဲ. . ဟဲ့. . မိုးကျော် တံခါးမြန်မြန်ပိတ် မင်းလည်း မြန်မြန်သွား မြန်မြန်လာ. ."

ထွေးလေးက ထွက်ခါနီး မိုးကျော်ကို လျှာထုတ်ပြပြီး. .

"လောလောဆယ် မကောင်းဆိုးဝါးတစ်ယောက် အပြင်ထွက်တော့၊ ကျန်တဲ့လူက များများစားရတာပေါ့. . အဟီ. ."

မိုးကျော်က တံခါးကိုပိတ်ပြီး အပြင်ဘက်က ခါးထောက်ရပ်ကာ. . .

"အေး. . ငါသာ ဝိညာဉ်ဘဝ၊ သရဲဘဝရောက်ရင်၊ နင့်ကို အရင်လာခြောက်ပြီး ကုပ်ချိုးသုတ်သင်မယ် သိလား. ."

အမေက မျက်လုံးပြူး မျက်ဆံပြူးနဲ့ ကမန်းကတန်း. . .

"ဟဲ့ဟဲ့. . ဝစီဒေါ ထိတိုင်းရှတဲ့. ."

"ညဘက်ကြီး ဘာတွေလျှောက်ပြောနေကြတာလဲ. ."

"ဝုန်း. . ဒုန်း. . ဒုန်း"

အဖေရော အမေပါ ကမန်းကတန်း တံခါးဖွင့်ပြီး လက်နှိပ်ဓာတ်မီးနဲ့ လှေကားကို ထိုးကြည့်လိုက်တော့ မိုးကျော်ရယ် ခွေခွေလေး. . .

"သား. . သား. . ဘာဖြစ်သွားလဲ. ."

"ကိုလေး ဘယ်ထိသွားသေးလဲ. ."

မိုးကျော် ဖြည်းဖြည်းချင်း ပြန်ထလာပြီး. . .

"ဘာကောင်ကြီးမှန်းမသိပါဘူး. . ၊ အပေါ်ထပ်ကို ပြေးတက်လာပြီး တိုက်ချသွားတာ. . ကျွတ်. . ကျွတ်. ."



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအားလုံး မျက်လုံးပြူးသွားတယ်. . .

"ဘုရား. . ဘုရား. . ရှစ်လွှာကလူ ဆုံးသွားတာ လပိုင်းပဲ ရှိသေးတယ်၊ အဲဒါကြောင့် ဖေကြီးကိုပြောတာ ညဘက် ဘာမှ မဝယ်လာပါနဲ့ဆို. . "

အဖေက မယုံကြည်သောပုံစံနဲ့. . .

"မင်းကလည်းကွာ နေရာတကာ တွေးကြောက်နေတယ်၊ ညပိုင်း သားစိမ်းငါးစိမ်းမှမဟုတ်တာ ခုဟာက ကြက်ဆီထမင်း သရဲ မစားတတ်ပါဘူး. . "

"တော်ကပြောမှ ပိုဆိုးနေသေးတယ်. . ၊ သားမိုးကျော်"

လှမ်းခေါ်မယ်အလုပ် မိုးကျော်က မရှိတော့ ကမန်းကတန်း တံခါးပြန်ပိတ်ပြီး ဝရန်တာထွက်ကြည့်တော့။ တော်တော်ဝေးဝေးရောက်နေပြီ။

လမ်းတစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်လို့ နှစ်တိုက်ကျော် သုံးတိုက်ရှေ့မှာ ကုလားဖျင်းထိုးပြီး လူငယ်တွေ စုစုဝေးဝေးနဲ့ ဘာတွေများလုပ်နေကြပါလိမ့်။ တော်ပါသေးရဲ့ မိုးကျော်က လောင်းကစား ဝါသနာမပါလို့။

မိုးကျော်ကတော့ တစ်ယောက်တည်း လမ်းလျှောက်ရင်း ပြုံးနေသည်။ သူဆင်တဲ့အကွက်ထဲ အမေရောသမီးပါ ယုံသွားတာကို။ ဘာမှမဟုတ်ဘဲ အသံပေးပြီး ချော်လဲယောင်ပြုပြီး၊ သရဲပဲ ဝင်တိုက်သွားသည့်ပုံစံမျိုး ပြောလိုက်ရသဖြင့် ကျေနပ်သွားသည်။

အလကားနေရင်း ရှေးလူကြီးများ အရာရာ စိုးရိမ်ကြောက်လန့် ယုံကြည်တတ်တာကို မိုးကျော်က မလိုလား။ တစ်ခါတစ်ရံ စိတ်တူးမိသေးသည်။





ငါသာ ဝိညာဉ်ဘဝရောက်ရင် နေ့ခင်းကြောင်တောင် ရေချိုးခန်းဝင်ရမှာ ကြောက်နေသော ညီမလေးကို ချောက်ပြလိုက်ချင်သေးသည်ဟု တွေးရင်း. . .

"ခွီး. . ခွီး. . ကွိ. . ကွိ. . "

မြေကြွက်နဲ့ ကြောင်တစ်ကောင်ရဲ့ ရန်ပွဲပါလား. . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ်(၁၀)

ခြေထောက်ပေါ်ကို မြေကြွက်ကြီးတစ်ကောင် အေးတိအေးစက်နဲ့ ဖြတ်ပြေးသွားသဖြင့် မိုးကျော် လန့်နိုးသွားသည်။ ပြီးတော့ မိမိကိုင်လာသော အခွေ CD ချပ်ကို ပြန်ကြည့်ရာ ဘာမှမရှိ။ ဘာလဲဟ. . ဩော်. . ငါ့စိတ်က အိမ်ရောက်သွားတာကိုး . . . ဘေးကို လှမ်းကြည့်လိုက်တော့ . . . ဟင်. . ခွေးမသားနှစ်ကောင်အိပ်တုန်း. . မိုးကလင်းနေပြီ. . .

ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့လည်း ဘာမှမရှိ။ အိမ်လည်းမတွေ့. . . . လူတွေလည်း မတွေ့နဲ့ . . ဘယ်များရောက်နေပါလိမ့်. .

"ဟော့ကောင်တွေ. . . ထကြတော့လေ"

နှစ်ယောက်သား အိပ်ချင်မူးတူးနဲ့ တောင်ကြည့်မြောက်ကြည့်လုပ်ပြီး အကြည်ကျော်က. . .

"မိုးကျော်. . ငါတို့ ဘယ်ရောက်နေလဲ. ."

"အဲဒါတော့ တပည့်တော်လည်း မလျှောက်တတ်ဘူး။ နိုင်ငံခြားမဟုတ်တာတော့ သေချာတယ်"





ခပ်လှမ်းလှမ်းကို ဘာတွေသွားရှာနေလဲမသိတဲ့ ကျော်ဆန်းဝင်းက. . .

"ဟော့ကောင်တွေ ဒီမှာ ရေရှိတယ်၊ မျက်နှာလာသစ်ကြ"

ကျော်ဆန်းဝင်း လှမ်းခေါ်တဲ့နေရာကို သွားကြည့်လိုက်တော့ စမ်းချောင်းငယ်လေးတစ်ခု၊ ရေက ခြေသလုံးလောက်တော့ရှိမည် ထင်ရသည်။ အောက်က ကျောက်တုံးလေးတွေ ငါးပေါက်စလေးတွေကို အတိုင်းသားမြင်နေရသည်။ အကြည်ကျော်က တွန့်ဆုတ် တွန့်ဆုတ်လုပ်နေသေးသည်။

"လာစမ်းပါကွာ. . ရေက တိမ်တိမ်လေးပါ"

စမ်းရေလေးနဲ့ မျက်နှာသစ်လိုက်တော့ လန်းဆန်းသွားသလို ခံစားလိုက်ရသည်။

"ဟော့ကောင်တွေ အိမ်ပြန်ကြရအောင်၊ အမေတို့ စိတ်ပူနေလောက်ပြီ"

မိုးကျော်က မျက်နှာမသာမယာနဲ့ လှမ်းပြောတော့၊ အကြည်ကျော်နဲ့ ကျော်ဆန်းဝင်းက. .

"ဟားဟား. . မိုးကျော်ရယ် အိမ်ဆိုတာ ဘယ်အချိန်ပြန်ပြန် ရပါတယ်၊ ခုဟာက ဘယ်လောက်လွတ်လပ်လဲ၊ အိမ်မှာဆိုရင် ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ မလုပ်နဲ့နော်က ထပ်နေတာ. ."

အကြည်ကျော်ကလည်း အားကျမခံ ကျူရှင်ဆရာတစ်ယောက်ရဲ့ ပုံစံမျိုးနဲ့. . .

"ဟုတ်တယ်မိုးကျော်. . ပြင်ပဗဟုသုတဆိုတာ အပြင်မှာပဲ ရှာလို့ရတာကွ. . အိမ်ရောက်သွားရင် ဘာမှ ရှာလို့ရတာမဟုတ်ဘူး၊ ထားလိုက်စမ်းပါ၊ မှတ်လောက်သားလောက်အောင် သွား

www.burmeseclassic.com



လိုက်၊ ဒါမှ သူတို့ နောင်တရမှာ"

ဘာကိုဖြစ်ဖြစ် အရင်မြင်တတ်သော မိုးကျော်က. . .

"ဟေ့ကောင်တွေ ဟိုးမှာတွေ့လား၊ ဘုရားစေတီဟောင်းတွေ၊ လာ အဲဒီကိုသွားမယ်၊ ကံကောင်းရင် ပုဂံတောင် ရောက်သွားနိုင်တယ်"

ကျော်ဆန်းဝင်းက လက်ကိုဖမ်းဆွဲပြီး. .

"လုပ်ပြန်ပြီ ညကတွေ့တဲ့ မသာအိမ်လို ဖြစ်နေဦးမယ်၊ ဘာ မှန်းမသိ ညာမှန်းမသိနဲ့. ."

"ယောက်ျားတွေပဲကွာ ဘာဖြစ်လဲ၊ အတွေ့အကြုံတစ်ခုတော့ ရတာပေါ့. .၊ ကျော်သုံးကျော်လေ ဘာကြောက်စရာရှိလဲ လာ. . သွားမယ်. . ဟား. . ဟား. . ဟား. ."



အခန်း (၁၁)

ကြည့်တော့သာ နီးတယ်ထင်ရပေမယ့် သွားလိုက်တော့ တော်တော်ဝေးသား၊ ခြုံတွေကျော်ဖြတ်၊ လယ်ကွင်းတွေဖြတ်၊ ညောင်ပင်အိုကြီးတစ်ပင်တွေ့တော့ ကျော်ဆန်းဝင်းက တစ်စုံတစ်ခုကို သတိရသွားသည့်ဟန်ဖြင့်. . .

"ဟေ့ကောင်တွေ. . ခဏ၊ ငါ မှာစရာလေးရှိလို့ ဒီမှာ ခဏ ထိုင်ရအောင်. ."

ပင်ပန်းနေတာနဲ့အတော်ပေါ့၊ အမြစ်တွေဖြာထွက်နေတဲ့ နေရာတစ်ခုမှာ ဝင်ထိုင်လိုက်တယ်. . .

"ကဲ. . အာစရိ ဘာပြောမှာလဲ၊ ညနေစောင်းတော့မယ် မြန်မြန်ပြော. ."

ကျော်ဆန်းဝင်းက ဝင်မထိုင်သေးဘဲ. . .

"ဒီလိုကွ ငါ အလှူတစ်ခုမှာတွေ့ခဲ့ရတဲ့ ဆိုင်းဆရာ မြန်မာပြည်ကျော်ကစိမ်းကပြောဖူးတယ်၊ သူတို့ကျတော့ မြန်မာပြည်တစ်ပြည်လုံး နေရာအနှံ့ ဆိုင်းလိုက်တီးနေရတာဆိုတော့ နေရာစုံ လူစုံ ရောက်တာပေါ့. ."

www.burmeseclassic.com



"လိုရင်းကိုပြောကွာ. ."

အကြည်ကျော်က ဝင်ထောက်လိုက်တယ်. .

"ဟုတ်ပါပြီ ပြောမှာပါ။ ဒီလိုကွာ ဘယ်နေရာ ဘယ်ဒေသ မဆို ကာလံဒေသံပေါ့၊ အပင်တွေ့တိုင်း မခူးရဘူး မစားရဘူး။ ပိုင်ရှင်ရှိရင် ခွင့်တောင်းရတယ်၊ အချို့က ကြိုက်သလို အချို့က မကြိုက်တော့ အစောင့်သဘောမျိုးတွေဘာတွေထားတယ်"

"နေစမ်းပါဦး အခု ငါတို့သွားမယ့်နေရာနဲ့ မင်းပြောတာ ပတ်သက်နေလို့လား. ."

ကျော်ဆန်းဝင်းလက်ကာပြရင်းနဲ့. . .

"ပြောလို့မရဘူးလေ၊ ပတ်သက်ချင် ပတ်သက်နေမှာပေါ့။ ခုဟာက ကြိုတင်သတိပေးတာ၊ ဒီလိုကွ ခုနက သူတို့အဖွဲ့တွေ နယ်တစ်နယ်ကိုရောက်သွားတယ်၊ ထုံးစံအတိုင်း ဗလာဇာတ်ခုံ ဆိုတော့ အမိုးတွေဘာတွေ မပြီးသေးဘူး၊ ဆိုင်းအဖွဲ့ကလည်း နယ်တစ်နယ်က ပွဲကူးလာတာဆိုတော့ အားလုံး ပင်ပန်းနေပြီ. ."

သူ့စကားကို စိတ်ဝင်စားလား . . . စိတ်မဝင်စားလား တစ်ချက် ကြည့်ပြီးမှ. . .

"ဗိုက်ဆာတဲ့သူကလည်းဆာပေါ့၊ အိပ်ချင်တဲ့သူကလည်း အိပ်ချင်နဲ့၊ ဒီတော့ ထုံးစံအတိုင်း ဘုရားရှိရင်ဘုရား၊ ကျောင်းရှိရင် ကျောင်း နီးစပ်ရာ ခဏဝင်ခိုရတော့တာပေါ့၊ အဲဒီမှာတင် ဆိုင်း တင်ထားတဲ့ သုံးတန်ကားကြီးက ဘုန်းကြီးကျောင်းထဲဝင်လာရော၊ ကား ကြီးကမြင့်တော့ သူတို့ရပ်တဲ့တည့်တည့်မှာ ဩဇာပင်ကြီး၊ ကံကောင်းချင်တော့ ဩဇာသီးဖေါ်ချိန်ဖြစ်နေတယ်။

အဲဒီမှာတင် ဆိုင်းအဖွဲ့ထဲက လူနှစ်ယောက်က ကားပေါ်





ကနေပြီး မတ်တပ်ရပ် ဩဇာသီးတွေ ဘေးလူမမြင်အောင် ခူးကြ တယ်။ ကျန်တဲ့လူတွေကတော့ သတိမထားမိဘူးနဲ့တူပါတယ်၊ အထုပ် အပိုးတွေ အိပ်ရာလိပ်တွေပစ်ချ သယ်ကြပိုးကြနဲ့ နီးစပ်ရာ အရိပ်ရ တဲ့နေရာ ခင်းကျင်းပြီး တုံးလုံးပက်လက် အနားယူနေချိန် ခုနက လူနှစ်ယောက်ကတော့ ကားပေါ်ကမဆင်းဘဲ အပေါ်မှာ တင် အဲဒီဩဇာသီးတွေကို ကြိတ်နေတုန်း"

အကြည်ကျော်က ပြုံးပြီး. . .

"ဖောက်သည်ယူမယ့်လူ လာရောဆိုပါတော့. ."

'သိရိမင်္ဂလာဈေးမှာ သွားသွင်းရမှာကွ"

နောက်က မိုးကျော်ကပါ လိုက်ပြောလိုက်သည်။

"မနောက်နဲ့ အတည်ပြောနေတာ. . ခုနလူတွေစားလိုက် တာ"

ဆယ်လုံးကျော်ကျော်လောက်ရှိတဲ့အချိန်မှာပဲ ကျောင်း ထိုင်ဆရာတော် ကမန်းကတန်း ပြေးထွက်လာပြီး. . .

"ဟေ့ဟေ့. . ဒီအပင်က အသီးတွေ မခူးနဲ့ မစားနဲ့'လို့ သတိလည်းလာပေးရော လွန်နေပြီ။ အနုပညာသမားတွေ ဘယ် နေရာရောက်ရောက် လက်မြန်ခြေမြန်ကြီးပဲ. . ."

မိုးကျော်က မတ်တပ်ရပ်လိုက်ပြီး. . .

"နေစမ်းပါဦး. . မစားရ မခူးရလို့ ဆရာတော်က စာမရေး ထားဘူးလား"

"ဟ. . ဘယ်နေလိမ့်မလဲ ရေးထားတာပေါ့. . ၊ သစ်ပင် မှာ ကပ်ပြီးရေးထားတာ သူတို့ဆိုင်းကားလာဝင်ရပ်တော့ ဆိုင်း ဘုတ် ကွယ်သွားတာပေါ့. ."

www.burmeseclassic.com



မိုးကျော်နဲ့ အကြည်ကျော် စိတ်ဝင်စားသွားပုံရသည်။ တအံ့ တသြနဲ့. . .

"စားတဲ့လူတွေ ဘာဖြစ်ကုန်လဲ၊ အစွယ်တွေ ထွက်လာရောလား၊ ဒါမှမဟုတ် အမွေးမျှင်ကြီးတွေထွက်လာပြီး၊ လူဝံဘဝ ရောက်သွားရောလား"

ကျော်ဆန်းဝင်းက ထိုင်ချလိုက်ပြီး၊ သက်ပြင်းရှည်ချ ကာ. .

"ဟူး . . . ညနေပိုင်း ဝမ်းတွေတရစပ်သွားလိုက်တာ အသက်ပါပါသွားရောတဲ့ကွာ. . ညပိုင်း ဆိုင်းညှိခံတော့ သူတို့ကို ဇာတ်ရုံထဲမှာ အလောင်းစင်တွေပြင်ထားပြီး ဆိုင်းကတီးပေါ့. . အဲ. . ကွယ်လွန်သွားတဲ့လူနှစ်ယောက်အစား အခြားလူတွေက ဝင်ကူညီတော့ ဘာမမြင်ရ ညာမမြင်ရနဲ့ ပါးရိုက်ခံရတဲ့လူနဲ့ ကျောကုန်းအထုခံရတဲ့ လူနဲ့၊ အားလုံး ကြောက်လန့်ပြီး မိုးမလင်း တလင်းလေးမှာပဲ အဲဒီ လူတွေရဲ့ အလောင်းတွေကို ဖျာလိပ်ပတ်ပြီး ကမန်းကတန်း သင်္ဂြိုဟ်လိုက်ရတယ်. . "

မိုးကျော်က စိတ်မကောင်းတဲ့ဟန်နဲ့ အဝေးကို ငေးမောပြီ

"အင်း. . အစားတစ်လုပ်နဲ့ဗျာ. . ၊ ပြီးတော့ အနုပညာ သမားတွေ ဖြစ်သလို သင်္ဂြိုဟ်ရတယ်လို့၊ သူ့မိသားစုတွေသာသိ သွားရင်၊ ဘယ်လောက်များ ခံစားရမလဲနော်. . "

"ဟ. . အခေါင်းရိုက်ချိန်မရဘူးလေ. . ပြီးမှ သူတို့နဲ့ ပတ်သက်ရာပတ်သက်ကြောင်း သံကြိုးရိုက်မှာပေါ့. . . "

အကြည်ကျော်က ဘာမပြောဘာမပြောနဲ့ ဖြုန်းဆို မတ်တပ်ရပ်လိုက်ပြီး. . .





"ကဲ. . လာ သွားကြမယ်. . နေဝင်တော့မယ်ဟေ့"

ကျော်ဆန်းဝင်း မတ်တပ်လည်း ထရပ်ရော. . .

"ဟာ. . အမလေး. . ဟော့ကောင်တွေ လုပ်ကြပါဦး . . ငါ့ကို ဆွဲထားတယ်ဟ. . "

အကြည်ကျော်ကလည်း လန့်ပြီး တစ်နေရာတည်း ခုန်နေ တော့သည်။

"ဖုန်း. . ဟာ. . ရိုက်ချက်က မိုက်တီးအတိုင်းပဲ"

ကျော်ဆန်းဝင်း ကျောကော့သွားသည်။ လှည့်ကြည့်လိုက် တော့ မိုးကျော်. . .

"နင့်အမေလင်က ဆွဲရမှာလား ငါတက်နင်းထားတာ"

"ဖြောင်း. . ဖြောင်း. . ဖလပ်. . ဖလပ်"

သစ်ကိုင်းတွေကျိုးတဲ့အသံတွေလိုလို ငှက်တွေတောင်ပံ ရိုက်သံလိုလိုနဲ့ ညောင်ပင်ကြီးရဲ့အပေါ်ပိုင်းမှာ ဆူညံသွားတယ်. .

"ဟေ့. . အဲဒါ. . အစစ်. . အစစ်. . ဒိုး. . ဒိုး. . သဲကြိုး ပြတ်တဲ့ဖိနပ်. . . ရန်သူပဲ. . ချန်ခဲ့. . . "

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [illegible]

စေတီပုထိုးတွေ နှစ်ပေါင်းဘယ်လောက်တောင် ကြာနေပြီလည်းမသိ ထီးတော်တွေစောင်းတာကစောင်း၊ မရှိတဲ့ စေတီက မရှိ၊ စေတီအချို့ဆို မြက်ပင်တွေတောင်ပေါက်ပြီး စေတီမှန်းတောင်း မသိရတော့ဘူး၊ အိမ်နဲ့တူတာဝေးလို့ တဲစုတ်တစ်လုံးတောင်မရှိ၊ တောင်ကုန်းပေါ်မှာကလည်း ကျွန်းပင်တွေကြီးပဲ ကြွေကျတဲ့ ကျွန်းရွက်တွေက ဒူးဆစ်ကျော်ကျော်လောက်ရှိမယ်။

"အမေ့. . သေပါပြီဗျ. . "

ဘာကို ခလုတ်ဝင်တိုက်တယ်မသိပါဘူး၊ ကျော်ဆန်းဝင်းဆီက ထွက်လာတဲ့အသံ. .

"ဟေ့ကောင်. . ဘာဖြစ်တာလဲ"

ကျော်ဆန်းဝင်းက တုန်တုန်ယင်ယင်နဲ့ သူ့ခြေထောက်အောက်ကို လက်ညှိုးထိုးပြတယ်၊ ဘာလဲဟ ကျွန်းခေါင်းကြီးလား၊ အုတ်ဂူကြီးလား၊ဘာကြီးလဲပေါ့၊ အနားကို ကပ်သွားလိုက်တော့. .

"ဒုတ်. . အမင်္ဂလာ ကွဲပါပြီ ခြေမ"





ဒုတိယခြေမကွဲပြီး သွေးစိမ်းရှင်ရှင်တွေ ထွက်လာတာက အကြည်ကျော်၊ မိုးကျော်က လေးဖက်ထောက်သွားပြီး ရေငုပ်သမားလို မျက်နှာကိုမော့၊ အောက်က ကျွန်းရွက်တွေကို လတ်နှစ်ဖက်နဲ့ ရေကူးသလို ဖယ်ရှားလိုက်တော့. . .

"ဟာ. . ဘုရားပေါ်တက်တဲ့ အုတ်လှေကားပဲ. . .၊ ကျွန်းရွက်တွေဖုံးကုန်တော့ ဘယ်လာမြင်ရတော့မလဲ. . "

ခြေထောက်တွေနဲ့ စမ်းစမ်းပြီး သွားလိုက်တာ တောင်ပေါ် ရောက်သွားရော ကျန်သေးတယ်၊ နောက်ထပ်တောင်နှစ်လုံး။ နဖူးပေါ်ကို တွဲကျလာတဲ့ ချွေးတွေကို လက်ဖမိုးနဲ့ သပ်ချလိုက်ပြီး အပေါ်မော့ကြည့်လိုက်တော့၊ ဇရပ်လိုလို ကျောင်းလိုလိုနဲ့ အရာဝတ္ထုလေးတစ်ခုကို မှောင်ရီပျိုးစမှာ မြင်လိုက်ရတယ်. . .

အားလုံးပြိုင်းနေပြီ. . ရောက်တဲ့နေရာမှာပဲ ကျွန်းရွက်တွေ လက်တွေ ခြေထောက်တွေနဲ့ရှင်းပြီး အုတ်လှေကားလေးပေါ် ခြေပစ်လက်ပစ် ပက်လက်လှန်သူကလှန် ထိုင်သူကထိုင်နဲ့ ကောင်းကင်ကိုမော့ကြည့်လိုက်တော့ 'လ' လေးက ထွက်စပြုနေပြီ. . .

"ဟေ့ကောင် အကြည်ကျော်. . ရေဆာတယ်ကွာ"

"ရေဆာတော့ ငါက ဘာလုပ်ပေးရမှာလဲ၊ ရှူးပေါက်ပေးရမှာလား ရေမသောက်ရတော့ ထွက်မှာမဟုတ်ဘူး ဟေ့ကောင်တွေ. . "

မိုးကျော်က လွဲနေတဲ့ နှုတ်ခမ်းတွေကို လျှာဖြင့်သပ်လိုက်ပြီး. . .

"မနောက်နဲ့ကွာ. . ဒီအဖွဲ့မှာ မင်းက. . အသက်အကြီးဆုံး မင်းမှာတာဝန်ရှိတယ်. . "



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့လည်းဟုတ်သား၊ ကိုယ့်မှာတာဝန်ရှိတာကို။ ဟယ် မထူးပါဘူး၊ တောင်ပေါ်ရောက်အောင်သွား ရေတောင်းလို့ ရမှ ဒီကောင်တွေကို လှမ်းခေါ်တော့မယ်လို့ စဉ်းစားဆုံးဖြတ်ပြီး. .

"ကဲ. . ဒီကစောင့်နေ ငါ ဆက်တက်သွားမယ်၊ အဆင်ပြေရင် လက်ခုပ်တီးခေါ်လိုက်မယ်. . ဟုတ်ပြီလား"

တဖြည်းဖြည်းချင်း ဆက်တက်လိုက်တာ ခရီးတစ်ဝက် တစ်ပျက်အရောက်မှာ. . .

"ဒီမယ်ရှင်. . ဒီမယ်. ."

ကျွန်းပင်ကြီးတစ်ပင်ရဲ့အောက်မှာ ငုတ်တုတ်ကြီးထိုင်နေတဲ့ မိန်းကလေးတစ်ယောက်။ ဖြုန်းခနဲဆိုတော့ လန့်တောင်သွားတယ်. . .

"မလန့်ပါနဲ့ ဘဝတူတွေပါ. . ကျွန်မအဖော်တွေ . . တောင်ပေါ်ရောက်နေပါပြီ. ."

"ခင်ဗျားကျတော့ရော ဘာလို့ လိုက်မသွားတာလဲ"

"ကျွန်မ ခလုတ်တိုက်မိပြီး လမ်းမလျှောက်နိုင်တော့လို့ပါ"

လရောင်အောက်မှာ အမှတ်မထင် သူ့မျက်နှာလေးကို ကြည့်လိုက်မိတယ်။ ဘယ်လိုပြောရမှန်းတောင် မသိဘူးဗျာ ချောလိုက်တာမှ အသားလေးတွေကလည်း ဝါဂွမ်းလေးတွေအတိုင်းပဲ ဖြူဖြူဆွတ်လို့၊ မိတ်ကပ်လည်းမလိမ်း၊ သနပ်ခါးလည်းမလိမ်းနဲ့၊ မျက်တောင် ကြီးတွေကလည်း အရှည်ကြီး၊ တစ်ခုစဉ်းစားမိလိုက်တော့ ကြက်သီးတွေထသွားတယ်။ ဥစ္စာစောင့်မလား။ ဖြစ်နိုင်တယ်။ ဒီတော့ ဒီတောင်ကြီးထဲမှာ ဒီလောက်လှတဲ့ မိန်းကလေး ဘယ်ရမလဲ အကြည်ကျော်ပဲ။ ဆက်တက်မယ်အလုပ်။





"ဒီမှာရှင့် ဒီမှာ ကျွန်မ ဘာမှမဟုတ်ပါဘူး. . လူစစ်စစ်ပါ။ တတ်နိုင်ရင် တွဲခေါ်သွားပေးပါလား. .၊ ချမ်းလည်းချမ်းလာလို့ပါ"

ဟုတ်မှာပေါ့ တောင်ပေါ်ဆိုတော့ လေတွေကအရမ်းတိုက်တာ၊ ဘာအကာအကွယ်မှမရှိတဲ့ဥစ္စာ၊ သွေးတိုးစမ်းတဲ့အနေနဲ့ သူ့လက်မောင်းကို ဆတ်ခနဲကြည့်လိုက်တယ်။ ပူပူနွေးနွေး လူတစ်ယောက်ရဲ့ လက်မောင်းအတိုင်းပါပဲ။ ဘာပန်းရနံ့မှလည်း မရဘူး။ သနပ်ခါးနံ့ သင်းသင်းလေးလောက်ပဲရတယ်။

"ကဲ. . ထထ. . ခြေထောက်ကရော ထောက်လို့ရရဲ့လား။ ကျွန်တော်တောင် ခြေမကွဲပြီး သွေးတွေခြောက်သွားပြီ. ."

"ကျေးဇူးပါပဲရှင်. . ကျွန်မတို့လဲ မျက်စိလည်ပြီး ဒီရောက်လာတာပါ။ တောင်ပေါ်ရောက်ရင် ရှင်တို့စားချင်တာတွေ အကုန်ကျွေးပါမယ်"

"ဟုတ်ကဲ့ . . . ဗျာ . . . ကျွန်တော်တို့ ဟုတ်လား. .၊ ကျွန်တော့် သူငယ်ချင်းတွေပါလာတာ ခင်ဗျား . . . ခင်ဗျား . . . ဘယ် . . . ဘယ်လိုလုပ်သိလဲ. ."

ပြောလည်းပြော သူ့လက်မောင်းကိုလည်းလွှတ်လိုက်တော့ ခွေလဲကျသွားရော။

"အထင်မလွဲပါနဲ့. . ကျွန်မက အမြင့်ပေါ်မှာနေတာလေ၊ ရှင်တို့တွေ တက်လာကတည်းက မြင်နေရတဲ့ဥစ္စာ. ."

ဟုတ်သားပဲ သူက အပေါ်စီးရောက်နေတာကိုး ဒီတော့မှ

"အဟဲ. . ဟုတ်သားပဲ. . ကဲ. . ထ. . ထ. ."

လက်မောင်းလေးက ပူနွေးနေတာပဲ။ တစ်ခါတရံ ဘေးတိုက်ကြည့်လိုက်ရင် ချစ်စရာလေးမှ ချစ်စရာလေး။ လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့် သူ့လက်ဝါးလေးတစ်လှည့်နဲ့ အကြည်ကျော်ရင်ထဲမှာတော့ ရေဆာတာရော ဗိုက်ဆာတာရော ပျောက်တောင်သွားတယ်။

"ရှေ့ သုံးလေးထစ်လောက်ဆို ရောက်ပါပြီ. ."

အကြည်ကျော်ကိုင်ထားတဲ့ လက်မောင်းဟာ တဖြည်းဖြည်းနဲ့ သေးသွားသလိုပဲ။ ပြီးတော့ ပူပူနွေးနွေးမဟုတ်တော့ဘူး၊ အေးစက်စက်ဖြစ်လာတယ်။ ပြီးတော့ ကောင်မလေးက ဘာမှလည်း ပြန်မပြောတော့ စိတ်ထဲမှာ မသင်္ကာဘူးဖြစ်လာတယ်။ တောင်ပေါ်မော့ကြည့်ရာမှ ဘေးတိုက် သူ့ကိုပြန်ကြည့်လိုက်တော့. .

"ဟင်. . ."

ပါးစပ်ပေါက်လည်းမရှိ။ နားရွက်ပေါက်ထဲက လောက်တွေလား ဘာတွေလဲမသိ ရှစိရှစိနဲ့ အကောင်ဖြူဖြူရှည်ရှည်လေးတွေ ဝင်လိုက်ထွက်လိုက်နဲ့ မျက်ခုံးမွေးက ကျိုးတို့ကျဲတဲ။ ဆံပင်တွေက မီးကျွမ်းထားတဲ့ ဆံပင်မျိုးတွေ။ ကိုင်ထားတဲ့ လက်မောင်းကလည်း လူသေအရိုးလက်ကြီး. . .

"ဖုန်း. . ဝုန်း. . ဖရော. . ဖရော"

တက်လာတဲ့ အုတ်လှေကားအထစ်တွေ ကျော်နင်းလိုနင်း၊ ပြုတ်ကျလိုပြုတ်ကျ၊ လမ်းမဟုတ်တဲ့ ကျွန်းရွက်တွေကြားထဲ ဖင်ထိုင်လျက် ရေပေါ်လျှောစီးသလိုမျိုးနဲ့ တောင်အောက်ကို ဒလိမ့်ခေါက်ကွေး ပြုတ်အကျ။ တံတောင်ဆစ်တွေရော ဒူးတွေရော စုတ်ပြဲကုန်ပြီ လားမသိ. .

"ဟော့ကောင်တွေ. . ပြေးဟ"

"အစက လူဆို. . အစက လူဆို. ."





ပက်လက်လှန်အိပ်နေတဲ့ မိုးကျော်ရဲ့ ဗိုက်ကိုပါ တက်နင်းလိုက်သေးတယ်။ ကျော်ဆန်းဝင်းက ကမန်းကတန်း ထပြေးတော့ အုတ်ခုံလှေကားဘေးချော်ကျပြီး၊ သူ့မျက်နှာရှေ့တည့်တည့်မှာရှိတဲ့ ကျွန်းပင်နဲ့ သူ့မျက်နှာ KISS ပဲ။ ချိုင့်ဝင်သွားတဲ့ နှာခေါင်းကိုကြည့်ပြီး မိုးကျော်ကပါ. .

"ဟာ. . ဘာလဲဟ၊ ဘာလဲဟလို့ မေးနေတယ်လေ"

နှာခေါင်းချိုင့်နေတဲ့ ကျော်ဆန်းဝင်းက ဘာမှပြန်မပြောနိုင်တော့ပါဘူး။ မိုးကျော်ပြေးရာနောက်ကိုပဲ တကောက်ကောက်လိုက်နေပါတယ်။

မိုးကျော်ပြေးလေ ကျော်ဆန်းဝင်းလိုက်လေပါပဲ၊ အကြည်ကျော်ကတော့ 'အစကလူဆို. . အစကလူဆို'နဲ့ ပါးစပ်ဖျားကမချဘဲ ပြေးမြဲပြေးလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ်(၁၃)

ပထမရောက်ခဲ့သော ညောင်ပင်အိုကြီးအောက် သုံးယောက်သား ပြန်ရောက်လာပြန်သည်။ တစ်ယောက်နဲ့တစ်ယောက် စကားမပြောအား။ ညောင်ပင်ကြီးကို မှီသူကမှီ။ ပက်လက်လှန်သူကလှန်။ ညောင်မြစ်ကြီးပေါ် ခေါင်းစိုက်သူက စိုက်နဲ့။ အမောဖြေနေကြသည်။

ချိုင့်ဝင်ပြီး ရောင်ကိုင်းနေသော နှာခေါင်းကို ကျော်ဆန်းဝင်းက ပုဆိုးကို အဝတ်ထုပ်ပုံစံလုပ်ပြီး တစ်ယောက်တည်း ကျပ်ပူတိုက်နေသည်။ တော်တော်လေးကြာမှ အကြည်ကျော်ရဲ့ အသံကထွက်လာသည်။

"ဘယ့်နှယ်ရှိစ လူတစ်ယောက်ကို နောက်ချင် ပြောင်ချင်သရဲလုပ်ပြီး ချောက်ချင်ကြတဲ့ကောင်တွေ၊ ခုတော့ ဝဋ်လည်ပြီမဟုတ်လား. . ."

ကျော်ဆန်းဝင်းက နှာခေါင်းက ကျပ်ထုပ်ကို ခဏနားပြီး "ဟိတောင်. . ယောက်ကားတွေးတွ"





နှာခေါင်းထိထား၍ စကားပြောသောအခါ နှာသံတွေပါပြီး မပီသတော့. .

"ကဲပါကွာ. . မင်းမပြောနဲ့ အနာကြီးရောဂါသည် လေသံနဲ့ ငါပြောမယ်၊ ဒီမယ် အကြည်ကျော် အစကတည်းက စိတ်တူကိုယ်တူတွေလေ။ ဘာမှလွှဲမချနဲ့ ခံရအတူတူပေါ့. ."

အကြည်ကျော်က ဘာမပြောညာမပြောနဲ့ အားရပါးရ ထရယ်ရော၊ ကျန်တဲ့နှစ်ယောက် ကြောင်သွားတယ်။ ဘာလဲဟ တောကြီးတောင်ကြီးထဲမှာ ပြီးတော့ ညဘက်ကြီး ဒီကောင် သွေးပျက်ပြီး ဂေါက်သွားပြီလားပေါ့. . .

"ဟေ့ကောင်. . အကြည်ကျော်. . ဘာရယ်တာလဲ"

"ခံရ အတူတူဆိုတဲ့ စကားကြောင့်ပါကွာ . . ဟားဟားဟား မှတ်မိသေးလား သရဲကြောက်တဲ့ မထွေးလေ. ."

"မထွေး. . ဘယ်ကမထွေးလဲ. ."

"ဩော်. . မိုးကျော်ညီမ အထွေးလေးပါ"

"ခွေးမသား ငါ့ညီမက သူ့ဖာသာသူ နေတဲ့ဥစ္စာ. ."

အကြည်ကျော်က. .

"ငါပြောတဲ့မထွေးက တောင်ဥက္ကလာက အနော်မာလမ်းမှာနေတဲ့ အကြော်ရောင်းတဲ့ မထွေးကိုပြောတာ"

"ဩော်. . ဟုတ်သားပဲ ကိုမြင့်သိန်းမိန်းမ၊ ဟုတ်တယ်နော် ဟီဟိ. . ငါတောင် ခုပြော ခုမျက်လုံးထဲ မြင်နေသေးတယ်၊ နေပါဦး အဲဒီတုန်းက ငါတို့ အဲဒီရပ်ကွက် ဘာသွားလုပ်တာလဲ. ."

ကျော်ဆန်းဝင်းက ပြောမယ်လုပ်ပြီးမှ နှာခေါင်းနာနေသဖြင့် မိုးကျော်ကို ပခုံးနဲ့တိုက်လိုက်ပြီး လက်ဟန်ခြေဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြလိုက်တယ်. .

"မှတ်မိပြီ. . မှတ်မိပြီ. . ဦးလေးကိုမျိုး. . ယောက္ခမကြီး ဆုံးလို့ သွားဝိုင်းကူလုပ်တုန်းက၊ အဟင်း . . . သရဲကလည်း ကြောက်သေး၊ လုပ်တဲ့အလုပ်က မနက်လေးနာရီထ အကြော်ကြော်၊ မီးသွေးတွေက ရေစိုနေလို့ပဲလား ထင်းရှူးတွေကပဲ မစွမ်းဆောင်လို့ပဲလားမသိ မီးမွှေးရတော်တော်လေးခက်နေတယ်။ မျက်လုံးတွေကစပ် ယပ်တောင်နဲ့ခတ်လိုက်၊ ကုန်းမှုတ်လိုက်နဲ့ မထွေးတစ်ယောက် အလုပ်ရှုပ်နေတယ်။ မီးတော်တော်လေး အရှိန်ရလာတော့မှ မုန့်နှစ်တွေနဲ့ ရောနယ်ထားတဲ့ ငှက်ပျောသီး ဇလုံကို လှမ်းအယူ. . .

"အမလေး. ."

"ဟဲ့ ငါပါဟ. . ဘာကူလုပ်ပေးရမလဲလို့ လာမေးတာ ကိုယ့်ယောက်ျားကို လန့်ရတယ်လို့. ."

မထွေးက ခေါင်းခုပုဆိုးနဲ့ချွေးသုတ်လိုက်ပြီး သူ့ယောက်ျားကို မျက်စောင်းထိုးလိုက်တယ်။

"လန့်တာပေါ့ အသံမပေးဘာမပေးနဲ့၊ ပြီးတော့ ညက သောက်ထားတဲ့မျက်နှာလည်းပြန်ကြည့်စမ်းပါဦး၊ မျက်လုံးကြီးက နီရဲ လို့၊ အဆီတွေကလည်း ပြန်နေသေးတယ်၊ ဝတ်ထားတာက စွပ်ကျယ်လက်ပြတ်၊ ဗိုက်ကပူပူနဲ့ဆိုတော့. . ."

"တော်စမ်း. . မိုးမလင်းသေးဘူး၊ ရန်မဖြစ်ချင်နဲ့. ."

"ရန်မဖြစ်ချင်လည်း အိမ်ပြန်ပြီး ဘူးသီးလှီးထားပေး ဟုတ် ပြီလား"

ကိုမြင့်သိန်းအထကို မှောင်ထဲမှာ ခြင်ကိုက်ခံပြီး စောင့်နေ





တာက ကျော်သုံးကျော်။ မျက်နှာတွေမှာက သားရေတုန့်လုပ်ထားတဲ့ သရဲတွေရော၊ စုန်းမရုပ်တွေရော တပ်ထားတာ. .

"သွားပြီ. . ဟော့ကောင်တွေ လုပ်ငန်းစမယ်. .၊ ဖြစ်ပါ့မလား သူများရပ်ကွက်နော်၊ လာစမ်းပါ. . ဦးလေးကိုမျိုးရှင်းလိမ့်မယ်"

ဒယ်အိုးပူလာတော့ အကြော်ခံဆီထည့် လက်တစ်ဖက်ကလည်း မုန့်နှစ်နဲ့ ငှက်ပျောအခွံနွှာပြီးသားကိုနယ်နဲ့ မထွေး အလုပ်တွေ ရှုပ်နေတယ်. . .

"ရှဲ. . ရှဲ. ."

ငှက်ပျောကြော် လေးငါးခြောက်ခု ကြော်ပြီးတဲ့အထိ ခပ်လှမ်းလှမ်းမှာစောင့်ကြည့်နေပြီး ဆီစစ်တဲ့ဇကာထဲ လှမ်းထည့်တော့မှ တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီး၊ လက်ထဲပါလာတဲ့ ကလေး သကြန်ဆော့တဲ့ သေနတ်နဲ့ မီးဖိုကို လှမ်းပစ်လိုက်တယ်။

"ဩော်. . ဒီမီးကလဲ ဘယ်လိုများ ဖြစ်ရပြန်တုံး"

ယပ်တောင်ယူပြီး အခတ်၊ မီးဖိုဘက်လှည့်နေတုန်းခ ကြော်ပြီးသား ငှက်ပျောကြော် သုံးလေးခုတို့ ဆတ်ခနဲအယူ၊ အမလေး ပူလိုက်တာ မပြောပါနဲ့တော့ မှောင်ထဲမှာ သုံးယောက်သား ငုတ်တုတ်ထိုင်စားရင်း ကြည့်နေလိုက်တယ်. .

"ဟင်. . ငါ့. . ငါ့. . ငှက်ပျောကြော်တွေ. ."

တောင်ကြည့်မြောက်ကြည့်နဲ့ စိတ်တိုတင်းပြီး ထပ်ကြော်ပြန်ရော၊ အရေထဲ သကြန်သေနတ်က ရေကုန်သွားတော့ မတတ်နိုင်တော့ဘူး။ တစ်ညလုံး ဖဲဝိုင်းမှာ ပိုက်ဆံကရှုံး ဗိုက်ကဆာနေတော့ ဒီနည်းပဲ သုံးရတော့မှာ။ မထွေးရဲ့ နောက်ကျောဝင်အထိုင်



www.burmeseclassic.com

သူက လည်း ခြေသံကြားလို့ လှည့်အကြည့်. . .

"အမီးငှီး. . သရီးပါတော့"

ဆိုပြီး သံယောက်မနဲ့ယောင်ပြီး လှမ်းခုတ်လိုက်တာ၊ လူကလွတ်တယ် မလွတ်တာ ကျော်ဆန်းဝင်းရှေ့ ခုနစ်လက်မလောက် ထွက်နေတဲ့ မဟာနှာခေါင်း. . .

"အား. . နာတယ်"

အော်သံကြားလို့ ပြေးလာတဲ့ သူ့ယောက်ျား ကိုမြင့်သိန်းက လွှင့်ပစ်ထားတဲ့ ငှက်ပျောခွံတစ်အုံတစ်မကြီးတက်နင်းပြီး သူ့မိန်းမပေါင်ကြားထဲ ခေါင်းကစိုက် ခြေထောက်တစ်ဖက်က ဆီပူအိုးထဲကျ . . .

"အား. . ပူတယ်"

ကမ္ဘာပျက်သလားမှတ်ရတယ်။ တစ်ရပ်ကွက်လုံး ခွေးသံတွေရော လူသံတွေရော ဆူညံကုန်တော့တာပါပဲ။ အမှောင်ထဲ သုတ်ခြေတင်ပြေးပေ့ါ။ နောက်ပိုင်းမှာတော့ ငုတ်တုတ် သတိလစ်နေတဲ့ မထွေးရဲ့အသံနဲ့ သူ့ယောက်ျားအသံတွေ. . .

"သရဲပါတော့. . သရဲက နှာခေါင်းကြီး အကြီးကြီးပဲ . . ဟဲ . . ဟဲ. . ဂစ်. . ဂစ်. . "

"ပူတယ် ပူတယ် ဘယ်သရဲလဲကွ ငါ့မိန်းမကို လုပ်သွားတာ ပူတယ်. . ဒီရပ်ကွက်မှာနေလာတာကြာပြီ သရဲတစ်ခါမှ အခြောက်ခံဖူးတာမဟုတ်ဘူးကွ မျိုးရိုးမရှိဘူး(ဩော် သရဲခြောက်ခံတာတောင် မျိုးရိုးလိုက်သေးလားဗျာ)"

"ဟားဟားဟားဟား"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြ





တယ်။ အားပါးတရ မရယ်နိုင်တာ ကျော်ဆန်းဝင်း။ သူ့နှာခေါင်းသူ ကြပ်ပူတိုက်တုန်း. . .

အကြည်ကျော်က ကျော်ဆန်းဝင်းကို လက်ညှိုးထိုးပြီး. .

"ဒီနှာခေါင်း . . . ဒီနှာခေါင်း . . . အဲဒီတုန်းကလည်း ယောက်မစာမိတာ ဒီနှာခေါင်း၊ ခုလည်း သစ်ပင်ဝင်အောင်းတာ ဒီနှာခေါင်း၊ နှာခေါင်းတို့ မျက်စောင်းအကြောင်းသုံးပါး မရှေးဘူး ဆိုတာ . . ဟား ဟား. . "

တိတ်ဆိတ်နေသော တောကြီးတစ်ခုလုံးကို အပူအပင်ကင်းတဲ့ ကျော်သုံးကျော်ရဲ့ရယ်သံတွေဟာ လွှမ်းမိုးလို့သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"တုန်. . တုန်. . တုန်"

အဝေးတစ်နေရာဆီမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ အုန်းမောင်းခေါက်သံ သဲ့သဲ့လေးကြားလိုက်ရာ သုံးယောက်သား မတိုင်ပင်ရဘဲ ခေါင်းတွေဆတ်ခနဲထောင်သွားတယ်။ တောကြီးတောင်ကြီးထဲ ဘယ်လိုပုဂ္ဂိုလ်တွေများ ကျောင်းလာဆောက်ပြီး သီတင်းသုံးနေပါလိမ့်။ ဖြစ်ကော ဖြစ်နိုင်ပါ့မလား။ တောလိုက်မုဆိုးတွေအကြောင်း ရေးနေတဲ့ ကိုပိုက်ဝတ္ထုတွေထဲကလို နာနာဘာဝတွေ တောခြောက်တာလား စဉ်းစားစရာတွေ တစ်သီကြီး။ အရုဏ်တက် အလင်းရောင်လေး ဝိုးတိုးဝါးတားဖြစ်လာပြီ။ အရေးထဲ ဘာမှမစားဘဲနဲ့ ဗိုက်က ရစ်နာလာသူက ကျော်ဆန်းဝင်း. . .

"မင်းတို့ ခပ်လှမ်းလှမ်းမှာ ခဏထိုင်နေကြကွာ. ."

"ငါ အီးအီးပါချင်လို့. ."

"ထင်တော့ထင်သားကွ အနံ့အသက်တွေမကောင်းပါဘူးလို့"





ကျော်ဆန်းဝင်းနဲ့ ခပ်လှမ်းလှမ်း တစ်နေရာမှာထိုင်ပြီး ဘယ်နေရာ ဘယ်ဒေသတွေ ရောက်နေပြီလဲဟု စဉ်းစားတွေးတောနေလိုက်သည်။ ထိုစဉ်မှာပင် ခွေးလေးတစ်ကောင်က အမြီးလေးနှံ့၍ ဖြတ်သွားသည်ကို နှစ်ဦးသား လှမ်းမြင်လိုက်ရသည်။

"အကြည်ကျော် ခွေးတွေ့ပုံထောက်ရင် ဒီနားပတ်ဝန်းကျင်မှာ ရွာရှိနိုင်တယ်ကွ. ."

"ဟုတ်တယ်နော်. . ဒါပေမဲ့. . ညကလိုလည်းဖြစ်နေဦးမယ်။ မိုးလင်းမှပဲ သွားစရာရှိတာ သွားကြတာပေါ့. ."

ခွေးလေးဖြတ်သွားပြီး မကြာလိုက် သျှောင်ပေစူးလေးနဲ့ ကလေးငယ်တစ်ယောက် ရှေးခေတ် ယွန်းနဲ့လုပ်ထားသော ဆွမ်းဟင်းချိုင့်ကြီးကိုင်ကာ မနိုင်မနင်းနဲ့ ထပ်ဖြတ်သွားပြန်သည်။

"ဟေ့ကောင် ကျော်ဆန်းဝင်း မင်းကိစ္စမြန်မြန်ဖြတ်၊ ဟိုမှာ ဘုန်းကြီးကျောင်းသားလေးနောက် လိုက်ရအောင်"

ကျော်ဆန်းဝင်းက လှည့်မကြည့်ဘဲ. . .

"လာနောက်မနေနဲ့ ဒီနေရာမျိုး ဘယ်ဘုန်းကြီးကျောင်းမှ ရှိမှာမဟုတ်ဘူး"

အကြည်ကျော်က ဘုန်းကြီးကျောင်းသားငယ်ရဲ့ ကျောပြင်ကို လက်ညှိုးထိုးပြီး. . .

"ဟ. . မနောက်ဘူး. . မင်းမယုံရင်"

စကားမဆုံးသေးခင်မှာဘဲ နောက်က ဆရာတော်တစ်ပါး သပိတ်ပိုက်၍ ထပ်ကြွလာသည်ကို မြင်လိုက်ရာ. . .

"ဟိုမှာ. . ဟိုမှာ ဆရာတော်တစ်ပါး. ."

"ကျော်ဆန်းဝင်း မြန်မြန်လုပ်ပါဟ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ. . ဒါမျိုးတွေ ရိုးနေပြီ. . "

"ဟာ. . ဒီကောင်ကလည်း မင်းမယုံရင် ဟိုမှာကြည့်လိုက်"

ဆရာတော်က ဖြတ်မသွားတော့ဘဲ အကြည်ကျော်တို့ ရှိရာဘက်သို့ လှည့်လိုက်ပြီး တည့်တည့်ကြီးကြွလာတော့သည်။ ထိုအခါကျမှ ကျော်ဆန်းဝင်းက. . .

"အေး . . . ဟုတ်သားဟ၊ ဟာ . . . ဟော့ကောင်တွေ ဆရာတော်ကို တခြားလမ်းက ကြွခိုင်းစမ်းပါ ငါ့ကိစ္စက မပြတ်သေးဘူး. . "

တဖြည်းဖြည်းနဲ့ ဆရာတော်က နီးကပ်လာပြီး သုံးယောက်သား ကြည့်နေရင်းမှာပင် ဆရာတော်ဘုရား၏ အရပ်အမောင်းက ရှိရင်းစွဲထက် နည်းနည်းပိုရှည်ထွက်လာသလို ဖြစ်လာသည်။

"မိုးကျော်. . မိုးကျော်. . ဆ. . ဆ. . ရာ. . တော်. . အရပ်က. . ပို. . ရှည်လာ. . သလိုပဲ. . ဟာ. . ဟာ . . ရှည် . . ရှည် ထွက်လာပြီ. . မ. . မ. . ဟုတ် . . တော့ဘူး . . နော်"

"ဟုတ်ပါတယ် ဒကာတို့ရဲ့ ဟုတ်ပါတယ်"

ပြောလည်းပြော ဆရာတော်က တည့်တည့်ကြီးကြွလာသည်။ လေးပေမှ ငါးပေ ငါးပေမှ ခြောက်ပေကျော်စပြုလာပြီး ဘေးဘယ်ညာနှစ်ဖက်က နားရွက်က ရှည်ကျလာပြီး ဆင်များနားရွက်ခတ်သကဲ့သို့ ခတ်ပြီး ရှေ့တိုးတိုးလာရာ. . .

"ဟ . . . ဘာလဲဟ . . . ဘာလဲလို့ မေးနေတယ်လေ . . ဘာလဲ ဘာကြီးလဲလို့. . "



ခြေဆီ လက်ဆီတွေထွက်လာပြီး တစ်ကိုယ်လုံး ရေခဲရိုက်ထားသလိုမျိုး အေးစက်ကာ သုံးယောက်သား စကားတွေအထစ်ထစ်အငေါ့ငေါ့နဲ့ နောက်ဘက်သို့ ဖင်တရွတ်တိုက်ဆွဲပြီး. . .

"အဲဒါ သဘက်ကြီးဟ. . ပြေး. . "

အသိဉာဏ်ဝင်လာတဲ့ ကျော်ဆန်းဝင်း မရှိသေးစကားနောက်ဖေးပင် မကုန်းနိုင်တော့။ အတင်းထပြေးတော့သည်။ နောက်ကပြေးလိုက်တဲ့ အကြည်ကျော်က ကျော်ဆန်းဝင်းရဲ့ မစင်ပုံကို တက်နင်းမိပြီး ဝမ်းလျားမှောက် ခြေပစ်လက်ပစ် ပစ်လဲရာ အကြည်ကျော်ရဲ့ ထောင်နေတဲ့ ခြေထောက်နှစ်ချောင်းကို အရှိန်နဲ့ ပြေးလာသော မိုးကျော် ခလုတ်ထပ်တိုက်ပြီး လေယာဉ်ပျံကြီး ပျက်ကျသကဲ့သို့ တစ်ပတ်လည်ကျွမ်းပစ်သွားရာမှ မီရာလှမ်းဆွဲလိုက်ရာ ကျော်ဆန်းဝင်း ပုဆိုးကိုဆွဲမိပြီး ပုဆိုးကွင်းလုံးကျွတ်ကာ ခဲလုံးတစ်လုံးကို အားထည့်၍ လွှင့်ပစ်လိုက်သကဲ့သို့ ကျော်ဆန်းဝင်း ဒုတိယအကြိမ်မြောက် ညောင်ပင်ကြီးနဲ့ ပြေးဆောင့်လိုက်ပါတော့သည်။

"ဒုန်း. . အွတ်. . ကျိုးပါပြီဗျာ. . မဟာနွာခေါင်း"

ကောင်းကင်မှာရှိတဲ့ ကြယ်တွေ လတွေ ဂြိုဟ်တွေတောင် သူ့လောက်စုံမှာမဟုတ်ဘူး. .။ သုံးယောက်သား ဘာဆိုဘာမှမသိတော့ သိတာဆို၍ နောက်ဆုံး ကျော်ဆန်းဝင်းရဲ့ မစင်ပုံခြေထောက်တွင်သာမက လက်ပါထောက်မိပြီး တစ်ကိုယ်လုံး သနပ်ခါးလိမ်းသကဲ့သို့ဖြစ်ကာ တဖြည်းဖြည်းချင်း အမှောင်ဖုံးသွားပါတော့သည်။

www.burmeseclassic.com

## အခန်းစဉ်(၁၅)

ဗိုက်တွေကလည်းဆာ၊ ရေကလည်းငတ်၊ ဘယ်နေရာ ဘယ်ဒေသတွေကို ရောက်နေမှန်းလည်းမသိရ။ လူရှင်တော် တစ်ဦး၏ စကားကို ခဏငှားသုံးရမည်ဆိုပါက 'အင်း. . ဗိုက်ဆံ ပြတ်ပြီဆိုရင် ဆံပင်ကရှည်ပြီ. . ဖိနပ်ကပြတ်ပြီ. . ဗိုက်ကဆာ ပြီ. . ရှိတုန်း ဆံပင်ရှည်ပါလား. . ပြတ်ပါလားဖိနပ် . . ဆာပါ လား ဗိုက်. . ခုတော့' အဲဒီ လိုဖြစ်နေပြီ မှောင်ထဲမည်းထဲမှာ ပြေးရလွှားရနဲ့. . .

"ဟော့ကောင်တွေ ဟိုက မည်းမည်းကြီးက ဘာလဲကွ. ."

"လုပ်ပြန်ပြီ ပြေးလာလို့မှ အမောက မပြေသေးဘူး. ."

"ဘယ်မှာလဲ. ."

အကြည်ကျော် လက်ညှိုးထိုးပြရာ ကြည့်လိုက်တော့ အိမ် လိုလို ဇရပ်လိုလို အင်္ဂလိပ်ခေတ် ဘိုတဲကြီးလိုလိုနဲ့. . .

"ဟိုတယ်မဟုတ်တာတော့ သေချာတယ်ကွ. ."

"ဖြန်း. ."





မိုးကျော်နဖူးကို ကျော်ဆန်းဝင်းက ရိုက်လိုက်သည်။

"နင့်အဘက လာဆောက်ထားမှာလား၊ ဒီလိုနေရာမျိုးမှာ တစ်ခုတော့ရှိတယ် အဲဒီနေရာမှတ်ထား ရပ်ကွက်ထဲကျရင် ဒါရိုက် တာခင်စောမျိုးကို ပြန်ပြောလို့ရတယ်၊ သူရိုက်လိုက်ရင် ဆား ပုလင်းတွေများတယ်ကွ. ."

"ဟုတ်တယ်နော် . . . ဒါလည်း စီးပွားရေးဇီးကွက် . . အဲလေ ဈေးကွက် အိမ်အိုအိမ်ဟောင်းတွေပြပေးမယ် . . ပေး ပိုက်ဆံပေါ့"

ကျော်ဆန်းဝင်းက. .

"ငါးစာပဲပေး ပိုက်ချမပြနဲ့တဲ့. . ငါ တစ်ခါ ခံရပြီးပြီ၊ ရွှေတင် မန်နေဂျာတစ်ယောက်ပေါ့။ သူ့ဌေးအိမ်လိုမျိုး ခမ်းခမ်းနားနားရိုက် ချင်လို့ ငါ့ညီတို့နားမှာရှိလား ရှိရင်လိုက်ပြပေးပါ မုန့်ဖိုးပေးမယ် ဆိုလို့ သုဝဏ္ဏက ငါ့အဒေါ်တို့ဘေးက တိုက်ကြီးတစ်ခုကို လိုက်ပြ လိုက်တယ်။ ဟိုလည်းရောက်ရော အိမ်ရှင်နဲ့ ဘာတွေပြောကြတယ် မသိပါဘူး။ ပြန်ထွက်လာတော့ အဆင်မပြေပါဘူး ငါ့ညီရာ မတရားဈေးတောင်းတယ်။ မရိုက်တော့ဘူး။ ဒါရိုက်တာကို ပြန် ပြောပြရမယ်။ ငါ့ညီတော့ ကျေးဇူးပါပဲတဲ့"

မိုးကျော်က. . .

"ဟာ. . ဒါဆို မင်း လမ်းပြခ မရဘူးပေါ့. ."

"ရဖို့နေနေသာသာ ငါ့ဆီကတောင် ကွမ်းယာတောင်းစား သွားသေးတယ်။ ဒါပေမယ့် ငါမသိလိုက်တဲ့အချိန်မှာ သူတို့ ရိုက်ဖြစ်သွားတယ်ကွ။ ငါ့ကို မုန့်ဖိုးပေးရမှာစိုးလို့ မရိုက်တော့ဘူး လို့ပြောတာ။ ပြီးတော့ အဲဒီရွှေတင်မန်နေဂျာက အိမ်အသုံးပြုခ



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းကို သုံးသောင်းဆိုပြီးစာရင်းတင် အဲဒီအိမ်ကို လိုက်ပြတဲ့ချာတိတ် ငါပေါ့။ ငါ့ကိုလက်ဖက်ရည်ဖိုး ငါးထောင်ဆိုပြီး ကုမ္ပဏီကိုစာရင်းတင်တယ်ကွာ. . ."

အကြည်ကျော်က ဆားပုလင်းနှင်းမောင်ပုံစံမျိုးနဲ့ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်လုပ်ပြီး မေးစေ့ကို လက်ဖြင့်ပွတ်ကာ. . .

"နေစမ်းပါဦး အဲဒါတွေကို မင်းက ဘယ်လိုလုပ်သိလဲ လူ ကလေး မောင်မင်း. ."

ကျော်ဆန်းဝင်းကလည်း အားကျမခံ မြေကြီးပေါ် ဒူးပုဆစ်တုပ်ထိုင်ချလိုက်ပြီး လက်နှစ်ဖက်ကို ရှေ့ဘက်ပူး လက်ထိပ်ခတ်သည့် ပုံစံမျိုးနဲ့ ခွေးအတွေပုံစံမျိုး အဲလေ အင်မတန်မှ ရဲရင့်ပြတ်သားသော ကေသရာဇာခြင်္သေ့မင်းပုံစံမျိုးနဲ့ အကြည်ကျော်ကို စေ့စေ့ကြည့်ကာ ရင်ကော့ပြီး. . .

"သုဝဏ္ဏမှာရှိသော ကျွန်တော်မျိုးရဲ့ အဒေါ်က ကပ်လျက်ရှိသော ခုနက တိုက်ကြီးမှာ ကားလာရိုက်ရင်း ရှုတင်မန်နေဂျာနဲ့ ကုမ္ပဏီက တာဝန်ရှိသူတွေ ကမ္ဘာ့ဘောလုံးပွဲမှာ ရန်ဖြစ်သလိုမျိုး ရန်တွေ့ပြစ်ပြီး ကားရိုက်ပါ ပျက်သွားပါတယ်လို့ ပြောပါတယ် ဆား ပုလင်းပြားကြီး"

မိုးကျော်ကလည်း အားကျမခံ . . အင်္ဂလန်အသင်းက နည်းပြပုံစံနဲ့. . .

"မင်းကို လိုအပ်မှသုံးမယ် မလိုအပ်သေးလို့ ဘေးထုတ်ထားတယ်သဘောမျိုး ထားလိုက်စမ်းပါ။ ဒေးဗစ်ကျော်ဆန်းဝင်း ဘက်ခမ်းရယ်. . ညင်း. . ညင်း. . "






"ကဲ. . ဟော့ကောင်တွေ တော်လိုက်တော့. . ငါတို့ ကျော်သုံးကျော်ကလပ်အသင်းက အိမ်ကွင်းကိုကျော်ပြီး သူများကွင်းသွားကစားတော့ အနီကဒ်ရော အဝါကဒ်ရော စုံနေပြီ။ ဒီတော့ ဒီနေ့ည ကြားကွင်းဖြစ်တဲ့ ဟောဟိုက ဆားပုလင်းနှင်းမောင်ခိုအောင်းတဲ့ ဇရပ်ပျက်ကြီးမှာပဲ ကန်ကြစို့ လာသွားမယ်"

ပြောလည်းပြော ရှေ့ကဦးဆောင်ပြီး အကြည်ကျော်ထွက်သွားတော့သည်။ ယနေ့ည ပွဲကတော့ဖြင့် ကြားကွင်းမှာ အကြိတ်အနယ် ဘယ်သူနဲ့တွေ့ပြီး ဘယ်လိုကန်ကြဦးမယ် မသိပါဘူးဗျာ။

www.burmeseclassic.com

www.burmeseclassic.com






'တံဆောင်မုံးလဆန်း ၁၀ ရက် ကွယ်လွန်သူ မေဖိးတာ အရယ်စူး၍ အဖသူချိုးရင်ကို အမိဒေါ်ထားက လှုဒ်းသည်'

သတ်ပုံတွေကပဲ မှားနေလား၊ နှစ်ပေါင်းများစွာဖြစ်သွားလို့ပဲ ပျက်ကုန်လားမသိ၊ စာတွေက ကမောက်ကမတွေဖြစ်နေသည်။ ဖယောင်းတိုင်ကမရှိ လက်နှိပ်ဓာတ်မီးကလည်းမရှိ။ တစ်ချက်တစ်ချက် လက်ခနဲဖြစ်သွားတဲ့ လျှပ်စီးကြောင်းရဲ့ အလင်းရောင်လေးနဲ့ သုံးယောက်သား မတ်တပ်ရပ်ကာ အမီလိုက်ဖတ်ရသည်။

"မေဖိတာ ဆိုတော့ ဘာလူမျိုးဖြစ်နိုင်လဲကွ၊ ပျူလူမျိုးများလား. .၊ အဟား အဖသူချိုးတဲ့ သူကြီးကို ကကြီးနဲ့မကြီးဘဲ ခခွေးနဲ့ချိုးထားတယ်. .၊ ရယ်ရတယ်ကွာ. ."

"မင်းကလည်း ရည်စူးကိုကော ရေးထားတာ မတွေ့ဘူးလား ရယ်စူးတဲ့၊ လှူဒါန်းကရောကွာ. ."

အရပ်အမောင်းကောင်းသော ကျော်ဆန်းဝင်းက ကွယ်လွန်သူအား အနီးကပ်နိုင်သလောက် နီးကပ်စွာရပ်ပြီး





လျှပ်စီးအလင်းရောင်ကို စောင့်၍ ရအောင် ဖတ်လိုက်သည်။

"ဟာ ဟော့ကောင်တွေ သဘောပေါက်ပြီကွ . . .၊ ကွယ်လွန်တာမှတ်ဖူးကွယ်လွန်တာ၊ ဖိုးတာတဲ့ မောင်ဆိုတဲ့ သတ်ပုံမှာ သဝေထိုးမောင်လို့ရေးတာ ရေးချန့်သေတ် ပျက်နေတော့ မေဖြစ်သွားတာ ဖိတာမဟုတ်ဘူး ဖိုးတာကွ၊ သူကြီးရင်ဂိုတဲ့ သားနာမည်က ဖိုးတာ အမိက ဒေါ်ထား၊ ဒီတော့ ဂို တာ ထား၊ ထားဂိုတာဆိုတော့ မွန်ဂိုနဲ့တာတာလူမျိုးတွေ စပ်ထားတာဖြစ်ရမယ်. ."

အကြည်ကျော်က. . .

"နာဂ,က ကုလားလို က,မလားကွ သူ့ရိုးရာအကပဲ က,မှာပေါ့၊ ငါ စဉ်းစားမိတာ တစ်ခုရှိတယ်၊ ငါတို့ရဲ့ စတူဒီယိုအဆိုတော်ကြီး ရင်ဂိုက အဲဒီခေတ်ထဲက ပေါ်နေတာလား ဆိုတာပဲ"

ထုံးစံအတိုင်း ဖိုးကျော်ရဲ့ နဖူးကို ကျော်ဆန်းဝင်းက ဖြန်းခနဲ ရိုက်ချပြီး. . .

"မင်းကြီးတော် . . . တော်တော်ကောင်းတဲ့အတွေးအခေါ်၊ အဲဒီခေတ်ထဲက ရင်ဂိုပေါ်နေရင် ခုလောက်ဆို လူ့လောကကို ဘာခေါ်မလဲ ခေတ်ဟောင်းတေး ပြန်ဆိုတေးတွေ ထပ်တလဲလဲ ဆိုနေကြသလို လူ ခဏ ခဏ ပြန်ဖြစ်နေလောက်ပြီ"

အကြည်ကျော်ကလည်း အားကျမခံ လက်ဖျစ်တစ်ချက်တီးလိုက်ပြီး. . .

"ဟုတ်တယ်. . ကျော်ဆန်းဝင်းပြောတာ လုံးဝပဲ၊ လူဝင်စားဖြစ်ရမယ်၊ မွန်ဂိုဝင်စားတာပဲဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကတုံးမှာ မွန်ဂိုဘုရင် မွန်ဂိုသူရဲကောင်းတွေရဲ့ အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားတွေပါတယ်ကွ. . ၊ ဒါပေမယ့် စိတ်မကောင်းတာ တစ်ခုက သူကြီးဖြစ်ပြီး ယူပါလားကွာ ရွာမှာ မိန်းကလေးတွေ တော်တော်များများရှိရဲ့သားနဲ့ ဗီဒီယိုရုပ်ရှင်ထဲက ဒေါ်ထားနဲ့အဖွဲ့ ထဲက ခေါင်းဆောင် ဒေါ်ထားကြီးမှ ယူရသလား။ အဲဒါ စဉ်းစား စရာအချက်ပဲ"

မိုးကျော်ကတော့ ဘာမှမပြောတော့ဘူးဆိုတဲ့ သဘော မျိုးနဲ့ သူ့နဖူးကိုသူ ပွတ်သပ်နေပြီး ပက်လက်လှန်နေတယ်. .

"ဟေ့ကောင် မိုးကျော် ငါတို့ပြောတာ ကြားရဲ့လား၊ သူကြီး ရင်ဂိုက ဘာဖြစ်လို့ ဒေါ်ထားကို ယူတာလဲလို့၊ မင်း အဲဒါကို"

စကားမဆုံးသေး မိုးကျော်က လက်ကာပြရင်း. . .

"အဲဒီတုန်းက သူကြီးပါဝါလောက်ပဲ ရှိသေးတယ်လေ၊ နောက်ဘဝကျတော့မှ မွန်ဂိုသူရဲကောင်းဖြစ်သွားတာ၊ ဘာဖြစ်လို့ ပြောရလဲဆိုတော့ကာ၊ မင်းတို့ စဉ်းစားကြည့်လေ၊ သူကြီးဆိုတော့ သျှောင်တစောင်းနဲ့လေ၊ ဒီတော့ သျှောင်နောက်ဆံထုံးပါဆိုတဲ့ စကားအရ သျှောင်တစောင်းပိုင်တဲ့ သူကြီးရင်ဂိုဟာ၊ ဆံထုံးပါတဲ့ ဒေါ်ထားကိုယူတာ ဆန်းသလား၊ ဒီတော့ သူကြီးရင်ဂိုမှ သည်ဘဝ ပြောင်းပြီး မွန်ဂိုသူရဲကောင်း ရင်ဂို နောက် လူ့ဘဝပြောင်းပြီး စတူ ဒီယိုအဆိုတော်ရင်ဂိုဖြစ်ပြန်ရော. ."

သူ့စကားကို စိတ်ဝင်စား မစား ကျန်တဲ့နှစ်ယောက်ကို အကဲ ခတ်ကြည့်လိုက်တော့ မျက်လုံးလေးတွေ ပေကလပ် ပေကလပ်နဲ့ သူ့ကိုကြည့်နေကြတယ်။ ဒီတော့မှ မိုးကျော်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး မတ်တတ်ရပ်ကာ မင်းသားကြီး ဦးမြတ်လေးပုံစံနဲ့. .





"မင်းတို့မျက်လုံးတွေ ကောင်းတယ်မဟုတ်လား. . ၊ ရင်ဂိုရဲ့ကတုံးနဲ့ခန္ဓာကိုယ်အနှံ့အပြားမှာ ဘာတွေထိုးထားလဲ၊ မင်းတို့ အမြင်မှာတော့ အရုပ်တွေ အလှထိုးထားတယ်လို့မြင် တယ်၊ မဟုတ်သေးဘူး၊ အဲဒီအရုပ်တွေ စာတွေဟာ အဓိပ္ပါယ်ရှိ တယ်"

မိုးပေါ်ကိုမော့ကြည့်ပြီး ဇရပ်ရဲ့ တစ်ဖက်ကို ချာခနဲလှည့် ကာ. . .

"သူက ကန်ရာသီဖွား သူ့အမေဝမ်းဗိုက်ထဲက ကန်ပြီး ထွက်လာတာ၊ အတိတ်ဘဝက ဘက်ခမ်းနဲ့ ရာထူးအတူတူ သူက စစ်သူကြီး၊ ဘက်ခမ်းက ဗိုလ်မှူးလေး၊ ဒါကြောင့်မို့ ကတုံးချင်းတူ သော်ငြားလည်း အရုပ်တွေက မတူကြဘူး၊ အဲဒါတွေ မင်းဘယ်လို သိသလဲလို့ မမေးနဲ့ ငါတို့ရုပ်ရှင်ထဲက စံ-ဇာဏီညွန့်ဆိုတဲ့ ဗေဒင်ဆရာ ကပြောတာ"

အကြည်ကျော်က ကပျာကယာနဲ့. . .

"ဟေ့ကောင် စံ-ဇာဏီဘို မဟုတ်ဘူးလား. ."

"မဟုတ်ဘူး စံ-ဇာဏီဘိုက သူ့ဆရာ သူ့ကတပည့် စံ-ဇာဏီညွန့် လက်ရှိ သာကေတ ကွင်းမှာနေတယ်. ."

"ပြီးတော့ သူ စတိတ်ရှိုးတွေဆိုရင် ဘာဖြစ်လို့ အသံ ကောင်းသလဲ"

"အဲဒါ စဉ်းစားစရာအချက်ထဲမှာပါပြီးသား၊ သူဟာ မွန်ဂို သူရဲကောင်းဘဝမှာ စစ်ထွက်ခါနီး မှုတ်ရတယ်၊ စစ်ထွက်ခရာကို ပြောတာနော်. . ၊ ပြီးတော့ကာ ခေါပဏီတပ်မကြီးကို အုပ်ချုပ်မှ တော့ အမြဲတစေ 'တိုက်' 'ထွက်' 'ဆုတ်' ဆိုပြီး ခဏခဏ အော်နေ



www.burmeseclassic.com

ရတော့၊ ဒီဘဝမှာ အသံကောင်းနေတာ မဆန်းတော့ဘူးပေါ့. . "

ကျော်ဆန်းဝင်းနဲ့ အကြည်ကျော်က သူ့အနားကိုရောက်လာပြီး၊ သူ့ရဲ့ ဘယ်ညာတည်းဟူသော ပေါင်မှန်းမသိ ခြေသလုံးမှန်းမသိ ခွဲခြားမရသော ပေါင်တံသွယ်လျလျလေးတွေကို ခပ်ဖွဖွ ဆုပ်ကိုင်နယ်ပေးရင်းနဲ့. . .

"ဒါနဲ့ ကိုရင်ဂိုရဲ့ ကတုံးနဲ့ခန္ဓာကိုယ်က အရုပ်တွေကရောဟင်၊ ဘာအဓိပ္ပါယ်တွေလဲ. . လုပ်စမ်းပါဦး. . "

မိုးကျော်က သက်ပြင်းကို ဖြည်းညင်းစွာချလိုက်ပြီး ဇရပ်ရဲ့ တိုင်ကို ခေါင်းမှီပက်လက်လှန်ချကာ ဇရပ်ရဲ့အမိုးမျက်နှာကြက်ကို မော့ကြည့်ပြီး. . .

"အဲဒီအဓိပ္ပါယ်က ရှင်းပါတယ်၊ သူဟာ တစ်ချိန်တုန်းက အတိတ်ဘဝတုန်းက မွန်ဂိုသူ့ရဲကောင်း၊ အဲဒီအတိတ်ဘဝမှာ ကြင်ယာတော်တွေ သားတော်တွေ သမီးတော်တွေ ရှိခဲ့ဖူးမှာပေါ့၊ ဒီတော့ ဒီဘဝမှာလည်း အဲဒါတွေကို ကိုယ်နဲ့မကွာ အမြဲတမ်း သိမ်းထားမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထိုးထားခြင်းဖြစ်တယ်လို့ ငါ့ဆရာ စံ-ဇာဂျီ ညွှန်က ပြောတယ်. . ။ ကဲ. . မွန်ဂိုသူ့ရဲကောင်း တဖြစ်လဲ ရင်ဂိုရဲ့အကြောင်း ခဏနားပြီး အနားယူအိပ်စက်ရအောင်. . . "

လှည့်ကြည့်လိုက်တော့ နှစ်ယောက်စလုံးက ဘယ်အချိန်ထဲက အိပ်ပျော်နေကြသည်မသိ။ မိမိကတော့ တစ်ယောက်တည်း ပြောနေသလိုဖြစ်နေရသည်။

"တောက် . . . ငါ့လောက် ဗဟုသုတမရှိတဲ့ကောင်တွေ. . "

'ဖြန်း'ဟူသောအသံက တိတ်ဆိတ်ငြိမ်သက်နေသော ညအမှောင်ထဲမှာ တော်တော်လေး ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အကြည်ကျော်ရဲ့ ဘယ်ဘက်ပါး တော်တော်လေး ပူထူသွားသည်။ ဆတ်ခနဲ ငုတ်တုတ်ထိုင်လိုက်ပြီး ဘေးက အိပ်ပျော်နေသော ကျော်ဆန်းဝင်းရဲ့ ညာဘက်ပါးကို ရိုက်ချလိုက်သည်။

"ဖြန်း. . "

"အား. . . အမလေးဗျ. . "

မီးပွင့်သွားမလား အောက်မေ့ရသည်။ ပူခနဲဖြစ်သွားတာကို၊ ကျော်ဆန်းဝင်း ကြောက်လန့်တကြား ထလိုက်ရာ နောက်တစ်ချက် ရိုက်ရန်ရွယ်နေသော အကြည်ကျော်ကိုတွေ့လိုက်ရသဖြင့် ဒေါသဖြစ်သွားပြီး၊ အကြည်ကျော်ရဲ့လက်အား ဖမ်းဆွဲလိုက်ပြီး. .

"ဟေ့ကောင်. . ဘာဖြစ်လို့ ငါ့ပါး လာရိုက်တာလဲ. . "

"မင်းကရော ဘာဖြစ်လို့ ငါ့ကို လာရိုက်တာလဲ. . "

"မင်းကို ဘယ်သူက ရိုက်လို့လဲ ငါ့ဖာသာငါ အိပ်နေတဲ့ဥစ္စာ. . "

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် . . ကျော်ဆန်းဝင်း မွေးကထဲက ငါ့မိဘတွေတောင် ငါ့ကိုရိုက်တာမဟုတ်ဘူး၊ ဒါနောက်တာမဟုတ်ဘူး၊ အတည်ကွ အတည်. ."

ကျော်ဆန်းဝင်း အနည်းငယ် ကြောင်တောင်တောင်ဖြစ်သွားသည်။ ယောင်ပြီးရိုက်ရအောင်လည်း လက်တစ်လှမ်းအကွာပြီးတော့ ရိုက်စရာအကြောင်းကမရှိ။ စိတ်လျှော့လိုက်သည်။ မနက် မိုးလင်းမှ ရှင်းပြတော့မည် ဆုံးဖြတ်လိုက်ပြီး. . .

"အကြည်ကျော် . . . ငါမရိုက်တာတော့အမှန်ပဲ. .၊ ဒါပေမဲ့ မင်းမယုံတာ အသာထား။ ခုလောလောဆယ် ပြန်အိပ်တာ အကောင်းဆုံးပဲ. ."

အမှောင်ထဲမှာဆိုတော့ တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရ၊ အကြည်ကျော်ထံမှ တုံ့ပြန်သံ ဘာစကားမှ မကြားရသဖြင့် ကျော်ဆန်းဝင်း၊ ပေါင်နှစ်ချောင်းကြားထဲ လက်နှစ်ဖက်ကိုထည့်၍ ပြန်လှည့်အိပ်လိုက်သည်။

အံကြိတ်သံနှင့်အတူ အကြည်ကျော်ထံမှ တောက်ခေါက်သံပြင်းပြင်း တစ်ချက်ထွက်လာပြီး အနည်းငယ် ပြန်လည်လို့တိတ်ဆိတ်သွားပြီး မကြာခင်မှာပင် ဟောက်သံတွေကြားလိုက်ရသည်။

"ခေါ. . ခလူး. . ကြွီကြွီ. . ."

ဘယ်လောက်ကြာကြာ အိပ်မောကျသွားသည်မသိ. . .

"ဝုန်း. . ဖုန်း. . ဖြန်း. . ဖြန်း. ."

"ဒီလိုလုပ်လို့ ရမလားကွ. ."

"အံမာ ငါကလည်း ဒီအတိုင်းပဲကွ မှတ်ပြီလား. . ."





ကျော်ဆန်းဝင်း ထကြည့်လိုက်တော့ အကြည်ကျော်နဲ့မိုးကျော် ထိုင်လျက် သူတစ်ပြန်ကိုယ်တစ်ပြန် ဂျပန်ကင်ပေတိုင်ရုံးမှာ ပါးရိုက်ပွဲကျင်းပနေကြသည့်အလား လျှပ်စီးတွေကလည်း လက်ခနဲလက်ခနဲ ခေါင်းအုံးရိုက်ပွဲ . .

အဲလေ ပါးရိုက်ပွဲကလည်း တဖြည်း ဖြည်းနဲ့ ကြမ်းလာပြီးကျော်ဆန်းဝင်း ကမန်းကတန်း ထသွားပြီး . . နှစ်ယောက်စလုံးကို ဝင်တားတော့မှ ခြေကုန်လက်ပန်းကျပြီး၊ မောမောနှင့် ပြန်အိပ်တော့သည်။ ဒါတောင် အိပ်ခါနီး မိုးကျော်က. . .

"တွေ့မယ်. . မနက်ကျမှတွေ့မယ်. . ရိုက်ပါလား ပါးကို ခုတော့ နဂိုကမှ ဆံပင်မရှိရတဲ့ကြားထဲ နဖူးချည်းပဲ ပိတ်ပိတ်ရိုက်တယ်၊ အဟင့် ပြောတော့ သွားအတူ လာအတူ စားအတူတဲ့ ခုတော့ အဟီး ဟီး"

"ဟော့တောင် မိုးကျော် အိပ်တော့ကွာ ငါ ကြားက တောင်းပန်ပါတယ်၊ ငါတောင် အသားလွတ် အရိုက်ခံရပြီးပြီ. ."

ချော့မှ ပိုဆိုးတော့သည်။

"ကျော်ဆန်းဝင်း မင်း ငါ့အကြောင်းသိပါတယ်၊ ရပ်ကွက်ထဲမှာ ငါ ဘယ်လောက်သွက်တယ်ဆိုတာ၊ ခုဟာက မှောင်နေလို့ လူမိုက်ပါကွာ. ."

"ဩော်. . ငါ့နှယ်. . လူမိုက်ကလည်း မှောင်တာတို့လင်းတာတို့ကို ရွေးနေရသေးလားလို့ စိတ်ထဲက ပြောလိုက်မိပါတယ်"

"ကဲ. . ဟိုကောင် အကြည်ကျော်လည်း ဘာမှမပြောတော့ဘူး. . မင်းလည်း ဘာမှမပြောနဲ့တော့၊ ငါက လင်းတာတွေ မှောင်တာတွေ မရွေးဘူးနော်၊ နှာခေါင်းတို့မျက်စောင်း အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးပါး မရွေးဘူးဆိုတာ ကြားဖူးလား. ."

"ကြားဖူးတယ်. ."

"ကြားဖူးရင်အိပ်တော့. ."

နဖူးပေါ် လက်တင်ပြီး ဇရပ်အိုကြီးရဲ့ တစ်ဖက်တစ်ချက်မှာ မြင်နေရတဲ့ ကောင်းကင်က ကြယ်လေးတွေကိုကြည့်ရင်း. . .

"ဩော်. . ငါတို့ သူငယ်ချင်းသုံးယောက် ဘာမမြင်ရ ညာမမြင်ရနဲ့ ဘယ်နေရာ ဘယ်ဒေသတွေ ရောက်ကုန်ပါလိမ့်"

ဟု စဉ်းစားရင်းစဉ်းစားရင်းနဲ့ အိပ်ပျော်သွားရာ ခြေထောက်နှစ်ဖက်ကို အင်မတန်မှ အေးစက်သော ရေခဲရိုက်ထားသောပုံစံမျိုး လက်နှစ်ဖက်က လာကိုင်လိုက်ရာ. . .

"အင်း. . ဘယ်ကောင် လာနောက်ပြန်ပြီလဲ၊ လှော်ကားမှာ ပျော်ပွဲစားထွက်တုန်းကလည်း ဒီကောင်တွေ လက်ကိုရေခဲကိုင်ပြီး ငါ့ခြေထောက်လာဆွဲတယ်၊ ခုလည်း လုပ်ပြန်ပြီ ဘာလုပ်မလဲ အသာလေးစောင့်ကြည့်. . အား. . အား. . ဟော့. . ဟော့"

"ဝုန်း. . ဝုန်း. . ဝုန်း. . ဒုန်း. . ဒုန်း. ."

"အမလေး သေပါပြီ. . နှစ်ချို့နေသော လှေကားပေါ်မှ တရွတ်တိုက် ဆွဲချသွားသဖြင့် လှေကားတွေပြုတ်ပျက်ပြီးထွက်ကုန်တော့သည်။ မှောင်ထဲမှာတော့ ဘယ်သူဘယ်ဝါမှန်းလဲမသိရ။

"ဖြန်း. . ဖြန်း. ."

ပါးရိုက်သံတွေပါ ထပ်ကြားရသလို. . .

"မိုးကျော် ငါ့ကိုကယ်ပါဦးဟ. . ဘာကောင်ကြီးလဲမသိဘူး တက်ခွပြီး ပါးတွေလာရိုက်"

"ဖြန်း. ."





"သေပါပြီဗျ"

စကားမဆုံးလိုက်ရ အကြည်ကျော်နည်းတူ မိုးကျော်မှာလည်း. . .

"ဖုန်း. . . ခွပ်. . အင့်. ."

မိုးကျော်ကတော့ အားကျမခံ ပြန်ခံထိုးတော့သည်။

"ဟော့ကောင်တွေ ငြိမ်မခံနဲ့ ပြန်ထိုးကြ. . ၊ ဘာကောင်ကြီး မှန်းလဲမသိရ လူလိုလို ဝက်ဝံကြီးလိုလိုနဲ့၊ အို. . ဘာကောင်ပဲဖြစ်ဖြစ် ထွက်ပြေးရအောင်ကလည်း မှောင်ထဲမည်းထဲမှာ ဘယ်ပြေးရမှန်းမသိ၊ ဒီတော့ နိုင်သလောက်တော့ ပြန်တီးရမှာပဲ. ."

"တောက်. . ဖွဲ့အိတ်ကြီးထိုးနေရသလိုပဲ. ."

"ဖုန်း. . ဖုန်း. . ခွပ်. . ဒုတ်. . အင့်. ."

အိမ်ကွင်းလည်းမဟုတ်၊ အဝေးကွင်းလည်းမဟုတ်၊ ကြားကွင်းထဲမှာ ကန်ရတာလည်းမဟုတ်ဘဲ၊ ထိုးကွင်း ဖိုက်တင်ကွင်းဖြစ်နေသည်။

ခုမှပဲ နေထက်လင်းတို့၊ ဂျွန်ဂိုတို့၊ မင်းသစ္စာတို့ကို ကိုယ်ချင်းစာမိသည်၊ သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးနေရသည်။ တဖြည်းဖြည်းနဲ့ အရုဏ်လင်းလာပြီ။ လူလုံး သဲကွဲစွာ မြင်စပြုလာပြီ. . .

"ဒါ ငါတို့နေရာ မင်းတို့ နေစရာမလိုဘူး. . ၊ ဖယ်ရင်ဖယ် မဖယ်ရင် ထိုးမှာပဲ. ."

ပြောလည်းပြော ဇရပ်အိုကြီးရဲ့ ဘေးမှာရှိနေသော ထန်းပင်ကြီးပေါ်သို့ ဖောက်ထိုးတက်လိုက် ဆင်းလိုက်လုပ်ပြနေသေးသည်။

ထိုစဉ်မှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"အကြည်ကျော်ရေ . . မိုးကျော်ရေ . . ကျော်ဆန်းဝင်းရေ"

ဟူသော ခေါ်သံသဲ့သဲ့လေးတွေ ဘယ်ဆီကဘယ်လို လွင့်ပျံ့လာမှန်းမသိပါဘူး။ ခေါ်သံတွေကို ဒီအချိန်မှာ ဂရုမစိုက်နိုင်ဘူး။ အဓိကပစ်မှတ် အရေးကြီးဆုံးက ထန်းပင်ပေါ်တက်လိုက်ဆင်းလိုက်လုပ်ပြနေတဲ့ သတ္တဝါပဲ. . .

လူကြီးသူမတွေ ပြောပြောနေတဲ့ နာနာဘာဝ ပရလောကသားတွေလားမသိပါဘူး၊ ထန်းပင်ပေါ် ဇောက်ထိုးတက်လိုက်၊ ပြန်ဆင်းလိုက်နဲ့ ကျန်တဲ့ကောင်တွေကလည်း ဇရပ်အိုကြီးရဲ့ အမိုးပေါ်မှာ ထုပ်စည်းတိုးတန်းကစားနေသလိုပဲ တဝုန်းဝုန်းနဲ့ ဟိုပြေးလိုက် သည်ပြေးလိုက်လုပ်ပြနေတယ်။

ပိုဆိုးတာက ခဲလုံးတွေနဲ့ လှမ်းလှမ်း ပစ်နေတာပဲ။ ကျန်တဲ့လူတွေက နီးစပ်ရာတိုင်တွေနဲ့ ပြေးကပ် ပြေးကွယ်လို့ရပေမယ့်. . .

"တောင်. . "

"အမလေးဗျာ. . "

လှည့်ကြည့်လိုက်တော့ မိုးကျော် နဖူးမှနဖူးတည့်တည့်. .

"ဒုတ်. . "

"အမငီး. . ကျွတ်ကျွတ်. . "

ကြည့်စရာမလိုတော့ဘူး . . . ကျော်ဆန်းဝင်းရဲ့ မဟာနှာခေါင်းဆိုတာ ကြိမ်းသေပြီးသား ပေါ်လွင်ထင်ရှားတဲ့ အမှတ်အသားတွေလိုကြီးပဲ ဟိုပုဂ္ဂိုလ်တွေက ရွေးနှိပ်တာ၊ တော်ပါသေးရဲ့ ကိုယ်မပါသေးလို့. . .





"ဟင့်. . "

"သေပါပြီ. . "

ခြေသလုံး ပလွေရိုး ညို့သကျည်းကိုမှ ခဲကလာမှန်တာ။ အသည်းခိုက်အောင်နာလိုက်တာ။ ဒီဇရပ်က မြန်မြန်ထွက်ခွာမှ ကြာရင်မလွယ်တော့ဘူး။

နေ့ခင်းကြောင်တောင်တောင် ဒီလောက် သောင်းကျန်းနေရင် ညပိုင်းဆို ပါးရိုက်ခံရတာ နပန်းလုံးရတာ ခြေထောက်ဆွဲချခံရတာတွေထက် ပိုလာနိုင်တယ်။ ပုပ္ပါးတောင်က မျောက်တွေသွားစမိလို့ ဆူညံနေတဲ့ပုံစံမျိုး. . .

"အကြည်ကျော်. . အခြေအနေ. . "

"လှုပ်နိုင်သေးတယ်. . မိုးကျော်ရော. . "

"သွားနိုင်လာနိုင်သေးတယ်. . ကျွတ်ကျွတ်. . "

"မင်းကော ကျော်ဆန်းဝင်း. . "

"နှာခေါင်းကလွဲလို့ ဒဏ်ရာမရှိ. . "

"ဒါဆို ရယ်ဒီ. . ဝမ်း. . . တူး. . . သရီး. . ပြေး. . "

ပြောတော့ ပရလောကသားတွေတဲ့ တစ်ယောက်မှ မီအောင်မလိုက်နိုင်ကြဘူး။ ဘယ်လိုက်မလဲ သူ့အပိုင်စားနဲ့သူကိုး. .

ပြေးရင်းလွှားရင်း ရွာလိုလို ဘာလိုလိုနဲ့ လူအချို့တွေ့လိုက်ရတယ်။ တဲအိမ်လေးတွေ ဟိုနေရာတစ်လုံး ဒီနေရာတစ်လုံး လူတွေ ကြည့်တော့လည်း ဖိနပ်မပါတဲ့လူနဲ့ အဝတ်အစားမရှိတဲ့လူနဲ့ အချို့က ရုပ်ရည်အတော်အသင့်ရှိပေမယ့်၊ အချို့ကတော့ မျက်လုံးမရှိ ပါးစပ်ကတခြမ်းရွဲ့ မိန်းမယောက်ျား ကလေး ဗိုက်မှ နံကား အရိုးပေါ် အရေတင်တွေ သွားလာလှုပ်ရှားနေသေးရဲ့

www.burmeseclassic.com



သူတို့ကလည်း ဒီအုပ်စုကို ဂရုမစိုက် ဒီအုပ်စုကလည်း သူတို့ကို ခပ်ကြောက်ကြောက်နဲ့ . .

"အဘ . . အဘက ဖိနပ်မရှိဘူးလား . ."

"မရှိပါဘူးကွယ် . . သူတို့တွေက မထည့်ပေးလိုက်ဘူး ကွဲ့ . . ဒါနဲ့အဘ . . ဟိုမိန်းမကြီးက ဘာအဝတ်စားမှလည်း မရှိပါလား၊ ဘယ်လိုဖြစ်တာလဲဗျာ၊ နာဂစ်မုန်တိုင်းမိလို့လား အဘတို့ တစ်ရွာလုံး ထိသွားပြီနဲ့တူတယ် . ."

ဖိနပ်မရှိ တုန်ချိတုန်ချိနဲ့ သွားနေတဲ့ အဘိုးကြီးက သူ့ရဲ့ မရှိမဲ့ရှိမဲ့ သွားလေးငါးချောင်းလောက် ဖော်ဖော်ပြုံးပြရင်း . . .

"နာဂစ်တော့ ငါမသိဘူးကွယ် . . ၊ ငါသိတာကတော့ အဲဒီ မိန်းမကြီးက အရမ်းချမ်းသာတာ၊ ကားတွေလည်းရှိတယ်၊ တိုက်ခန်းတွေဝယ်ထားတာလည်း မနည်းဘူး၊ သားယောက်သမီး ကံလည်း ကောင်းပါတယ်၊ မကောင်းတာက သူတစ်ယောက်တည်း ကျိကျိတက် ချမ်းသာနေတဲ့ဥစ္စာ၊ ဆင်းရဲချင်ဟန်ဆောင်ပြီး စုတ်စုတ်နုတ်နုတ်တွေဝတ်၊ ဘုန်းကြီးဆွမ်းလောင်းခြင်း၊ ရှင်ပြုခြင်းကို တစ်နိုင်တစ်ပိုင်တောင် ဘာမှမလှူဘူးလေ ခုတော့ လက်တွေ့ပဲ"

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။ ဘာတွေလဲ ဘယ်လိုနားလည်ရမှန်းမသိ တော့ . .

"ဟာ . . အဘ ဟိုမှာ လူတစ်ယောက်ကို ဓားနဲ့ခုတ်တော့ မယ် . . ခုတ်တော့မယ် . . သွားဆွဲစမ်းပါဦးဗျ . ."

ပြောလည်းပြော သွားဟန်ပြင်နေသော မိုးကျော်ကို . . ဖိနပ်မရှိသော ခုနက အဘိုးအိုက လှမ်းဆွဲပြီး . . .



"မသွားနဲ့ လူကလေး အရင်တုန်းက သူကချည်းပဲ ခုတ်သတ်ခဲ့တာ . . ဒီတစ်ခါ သူ့အလှည့်လေ နေ့တိုင်းခုတ်သတ်ခံနေရတာ . ."

တော်တော်စရိုက်ကြမ်းတဲ့ရွာပါလားလို့ သူတို့သုံးဦး သိလိုက်ရတယ်။ ကျော်ဆန်းဝင်းက မသိမသာ အကြည်ကျော်နား ကပ်ပြီး လေသံတိုးတိုးဖြင့် . . .

"ငါတို့ ဒီရွာက မြန်မြန်ထွက်မှဖြစ်မယ် . . ၊ အခြေအနေ က သိပ်မကောင်းဘူး၊ အဘ ကျွန်တော်တို့သွားဦးမယ် . ."

နှုတ်ဆက်ပြီး ခပ်သွက်သွက် အဘိုးအိုနားက ပြေးထွက်ခဲ့တယ်။ အဘိုးအိုက . .

"ဟေ့ဟေ့ . . သူငယ်တွေ အိမ်ပြန်ကြတော့လေကွယ် . . အိမ်ကို ရောက်အောင် ပြန်ကြစမ်းပါ . ."

ဘုရားမသိ၊ တရားမသိ၊ သံဃာမသိတဲ့ရွာ၊ လူ့အဗ္ဗတွေ သူတို့နဲ့တေရာ ပြေးနိုင်သမျှပြေးမှ ဝေးနိုင်သမျှဝေးမှ . . .

"မိုးကျော် ရေဆာတယ်ကွာ . ."

"ငါလည်း ဗိုက်ဆာနေပြီ . ."

"ဒါဆို ဟိုးရှေ့က သစ်ပင်အောက်မှာ ခဏနားရအောင်"

နားသာနားရသည်၊ အပင်က ဘာအရွက်ခက်မှမရှိ နှုတ်ကျဲကျဲ ပင်အိုမွဲ ဗိုက်ပူနံကားနဲ့ ရုပ်ခပ်ဆိုးဆိုး ကလေးအချို့က သူတို့ကိုကြည့်ပြီး ထွက်ပြေးသူကထွက်ပြေး ပြောင်ပြသူက ပြောင်ပြနဲ့ . .

"အေရိုးလေးတွေ လိုက်လုပ်လိုက်ရ . ."

"ကလေးတွေပဲကွာ အဲဒါစရိုက်ကွ . ."

www.burmeseclassic.com



"စရိုက်. . ဖြင်လို့မရတဲ့ စရိုက်တွေ. ."

သုံးယောက်သား သစ်ပင်အိုမွဲအောက်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး ဘယ်ကိုသွားလို့ ဘယ်ကိုလာရမှန်းမသိ ဘာတွေဖြစ်ကုန်ပြီလဲမသိနဲ့ တစ်ယောက်တစ်မျိုးဆီ တွေဝေငေးမောနေစဉ်မှာပဲ . . . .

"အင့်. . အင့်. . အဟီး. ."

ငိုသံလိုလိုကြားမိသဖြင့် လှည့်ကြည့်လိုက်ရာ မိုးကျော်ငုတ်တုတ်ထိုင်ပြီး ပေါင်နှစ်လုံးကြားထဲ ခေါင်းငုံ့ပြီး ကြိတ်ငိုနေလေရဲ့. .

"မိုးကျော်. . မိုးကျော် ဘာဖြစ်လို့ ငိုရတာလဲကွာ. ."

"ငါတို့သုံးယောက် အိမ်ပြန်ရောက်အောင် ကြိုးစားကြမယ်လေ. ."

မျက်ခွံတွေမို့နေပြီး နီရဲနေသော မျက်လုံးတွေနဲ့ မိုးကျော်က ခေါင်းဖော်လာပြီး. . .

"ငါ. . ငါတို့. . မိဘတွေရဲ့စကား နားမထောင်ကြဘူးကွာ၊ ငါတို့စိတ် လွတ်လပ်မှုကိုပဲ ငါတို့ကြည့်တယ် . . အခုလောက်ဆို အဖေတို့ အမေတို့ မိသားစုတွေ စိတ်ပူနေလောက်ပြီ. . ပြန်ကြရအောင်ကွာ. . နော်. . ."

အကြည်ကျော်က ထိုင်နေရာမှ ထလာပြီး မိုးကျော်ရဲ့ ပခုံးလေးကို အသာအယာဖက်လိုက်တော့၊ မိုးကျော်က နှာခေါင်းတရှုံ့ရှုံ့လုပ်ပြီး. . .

"ဟေ့ကောင် အကြည်ကျော် နည်းနည်းခွာလိုက်ကွာ . . မင်း အနံ့က ဘာအနံ့ကြီးမှန်းလဲမသိဘူး၊ ပုပ်အဲ့အဲ့နဲ့"





"ကဲပါကွာ. . ငါ့ဆီက ဘာအနံ့ရရ ငါတို့မိဘဆွေမျိုးတွေရှိရာ ရောက်အောင်ပြန်ကြမယ်၊ ဘာမှအားမငယ်နဲ့ . . . ဟုတ်လား"

ခေတ္တခဏ တိတ်ဆိတ်သွားကြပြန်သည်။ ခက်တာက ဘယ်လမ်းကဘယ်လိုပြန်ပြီး ဘယ်ကိုရောက်နေမှန်းမသိတာက. .

"မင်းတို့ ပြန်ချင်တယ်ဆိုရင် အဘလမ်းညွှန်ပေးမယ်"

သုံးယောက်သား အတွေးကိုယ်စီနဲ့ တောင်တွေး မြောက်တွေး တွေးနေစဉ် ဘယ်ကဘယ်လို ထွက်ပေါ်လာမှန်းမသိတဲ့ အသံဩဇာအပြည့်နဲ့ စကားသံကြောင့် လန့်ဖျပ်သွားပြီး ကုန်းရုန်းထလိုက်တယ်။

အသံလာရာကိုကြည့်လိုက်တော့ ဝတ်ဖြူစင်ကြယ်နဲ့ အသက်ခုနစ်ဆယ်နဲ့ ရှစ်ဆယ်ကျော်ကျော်လောက် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရတယ်. . .

"ဒါပေမယ့် မင်းတို့ အချိန်တော်တော်လေး နှောင်းသွားပြီကွဲ့၊ သို့ပေမယ့်လည်း မင်းတို့ရဲ့ အိမ်တွေက လက်မခံဘူးဆိုရင် အဘရှိတဲ့ ဒီနေရာလေးကိုပဲ ပြန်လာခဲ့ကြနော်. ."

အိမ်ကလက်မခံဘူးဆိုတဲ့ စကားစုကြောင့် အကြည်ကျော်က မခံမရပ်နိုင်ဖြစ်သွားပြီး. .

"ဟာ. . အဘကလည်း ကျွန်တော်တို့မိဘတွေက လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး၊ အဘသာ ကျွန်တော်တို့ ပြန်မယ့်နေရာ လမ်းညွှန်ပေးစမ်းပါ. ."

"ဟုတ်တယ်အဘ လမ်းညွှန်ပေးပါ၊ အဘတွေးသလို ထယ်သက်မမှေ့ပါဘူး"

www.burmeseclassic.com



မိုးကျော်ကပါ ဝင်ပြောလိုက်သည်။ အဘဆိုသော ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ရီဝေသောမျက်လုံးတွေနဲ့ သုံးယောက်စလုံးကို သိမ်းကြုံးပြီးကြည့် ကာ. . .

"အင်း. . မင်းတို့ရဲ့ ဘဝအမှန်ကို မင်းတို့ကိုယ်တိုင်မှ မသိကြသေးတာကိုး၊ ငယ်ရွယ်သူတွေ ငယ်ရွယ်သူတွေ၊ ကဲ. . ကဲ. . ယောဟိုက စေတီဖြူဖြူလေးရဲ့ ညာဘက်ဘေး လမ်းအတိုင်းသာ လျှောက်သွားပေတော့. . ."

စကားမဆုံးလိုက်ရ ဘယ်ကအင်အားတွေ ဝင်လာသည် မသိ။ သုံးယောက်သား လေထဲမှာ လွင့်မျောသွားမတတ် ပြေးပြီလေ. . .



အခန်းငည်(၁၁

"ဝမ်းတီး. . ပေါ့ဆိမ့်. . ပုံမှန်. . ပဲအီကြာ. . လန်ဒန်တစ်ပွဲ"

စားပွဲထိုး ချာတိတ်လေးတွေရဲ့ အသံတွေက လက်ဖက်ရည်ဆိုင်ထဲက ပြနေတဲ့ ရုပ်မြင်သံကြား MR TV-4 ထက် သာလွှမ်းနေ သည်။

"စားပွဲနှစ်က ရှင်းမယ်. ."

"တစ်ထောင့်နှစ်ရာ. ."

သုံးယောက်သား လက်ဖက်ရည်ဆိုင်ရှေ့ ရောက်သွားသည်။ ဝမ်းသာလိုက်သည်မှာ မပြောပါနဲ့တော့။ မရှက်နိုင်တော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် လွတ်မထွက်သွားအောင် တင်းကျပ်စွာ ဖက်ထားလိုက်သည်။ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး။ ပါးပြင်ပေါ်ကို ပူပူနွေးနွေး အရည်တွေ စီးကျလာတော့မှ ကျော်ငါတို့ ငိုနေကြပါလားရယ်လို့ သတိပြုမိတော့တယ်။ ညာဘက်ရင်ဘက်ထဲက စူးခနဲတောင် အောင့်တက်လာတယ်။ ကျော်ငြိ

www.burmeseclassic.com



နောက်ဆို ဘယ်သူ့ကိုမှ မနောက်တော့ဘူး။ မိဘစကား မိသားစု ဆွေမျိုးစကားပဲ နားထောင်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်တော့ 'မင်းလိုပါပဲကွာ' ဆိုတဲ့ အဓိပ္ပါယ်တွေနဲ့. .

"ဗိုက်ဆာတယ်ကွာ တစ်ခုခုစားရအောင်. ."

"စားရအောင် ငါတို့မှာ ပိုက်ဆံပါလို့လား"

"ကိုယ့်ရပ်ကွက်ကဆိုင်ပဲကွာ. . အကြွေးပေါ့. . ခါတိုင်းလည်း ဒီလိုလုပ်နေကျဥစ္စာ. ."

"ကဲ. . ဒါဆိုလာ ဗိုက်ဖြည့်ပြီးမှ ကိုယ့်အိမ်ကို ပြန်ကြတာပေါ့။ တစ်ခုတော့ရှိတယ် အကြည်ကျော်ရဲ့အိမ်ကနီးတော့ သူ့အိမ်မှာ အရင်စနည်းနာမယ်. . ဟုတ်လား. ."

လက်ဖက်ရည်ဆိုင်ထဲကို သုံးယောက်သား ဝင်ထိုင်လိုက်တယ်။ ဘယ်ညာကိုကြည့်လိုက်တော့ ရပ်ကွက်ထဲကကောင်တွေချည်းပဲ။

ဘောလုံးဂျာနယ်ဖတ်သူကဖတ်။ ပေါ်ပြူလာ၊ အလင်းတန်း စသည်ဖြင့် ဂျာနယ်တွေကိုဖတ်ပြီး ဝေဖန်လေကန်နေတွာ ဆူညံနေတာပါပဲ။ ဘာပဲဖြစ်ဖြစ် ခါတိုင်းဆို နားငြီးတယ်။ ခုတော့ ဒီလိုအသံမျိုးတွေ မကြားရတာ ဘယ်နှစ်ရက်လောက်များ ရှိသွားပြီလဲမသိဘူး။ ပျော်သလိုလို သာယာသလိုလိုနဲ့ ထိုင်တာ နာရီဝက်နီးပါးရှိသွားပြီ။ ဘယ်စားပွဲထိုးကမှလည်း လာမမေးကြဘူး။ ကျန်တဲ့လူတွေကလည်း သူတို့သုံးယောက်ကို ဘယ်သူမှ ဂရုမစိုက်ကြဘူး။ တကယ်ဆို. .

"ဟေ့ကောင်တွေ မင်းတို့တတွေကလည်းကွာ စုတ်ပြတ်သပ်ပြီး ညစ်ပေနေတာပဲလို့ မေးသင့်တာပေါ့"

ခုတော့ဗျာ ထားလိုက်ပါ။ ကိုယ်တွေက ညစ်ပတ်စုတ်ပြတ်သပ်နေတာကိုး။ မိုးကျော်က စိတ်မရှည်တော့ဘူး။ လက်ခုပ်တီးပြီး. . .

"ဟေ့ကောင် ခေါင်းကြီးကုလား . . . ဟေ့ကောင် ခေါင်းကြီး ကုလား"

MRTV-4 အသံကြောင့်လား၊ ဆိုင်ထဲကလေကန်နေတဲ့ လူတွေကြောင့်လားမသိ၊ စားပွဲထိုးချာတိတ်တွေ တစ်ယောက်မှ လှည့် မကြည့်. . .

"ဟာ . . ဟေ့ကောင် အကြည်ကျော်. . ဟိုမှာ မင်းဖော် မင်းဖော်၊ ဘယ်သွားမလို့လဲမသိဘူး"

အတိုင်းအဆမရှိသော ရင်ခုန်ခြင်း၊ ပျော်ရွှင်ခြင်းတွေနဲ့ ထိုင်ရာကထပြီး "အငယ်"လေးဆီ ပြေးသွားမယ်အလုပ်. . .

"ဟေ့ကောင်. . ခဏနေဦး. . ခုမတွေ့နဲ့ဦး ကြည့်ရတာ မင်းတို့အိမ်ဘက်ကိုသွားနေတာ၊ နောက်မှ အရမ်းဝမ်းသာသွားအောင် သွားတွေ့လိုက်မယ် ဟုတ်လား. ."

"ဟုတ်တယ် အကြည်ကျော် . . . မင်းတစ်ကိုယ်လုံးကလည်း နံစော်နေတာပဲ၊ ကိုယ့်အချင်းချင်းတောင် အနံ့မခံနိုင်ဘူး. ."

အကြည်ကျော်က မချင့်မရဲနဲ့ ထိုင်ရမလို ထရမလိုဖြစ်နေပြီး. . .

"ဟေ့ကောင်တွေ အငယ် လက်ထဲမှာ စာအိတ်လေးကိုင်ထားတယ်ကွ. . ၊ တော်ကြာ ငါ့အိမ်မသွားဘဲ စာတိုက်ကြီးသွားရင်







www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့လွဲနေဦးမယ်. . ”

“ဟော့ကောင်တွေ အသုဘ မသွားဘူးလားကွ. . ”

‘အသုဘ’ဆိုတဲ့ စကားသံကြောင့် သုံးယောက်သား စိတ်ဝင်စားသွားတယ်။ ရပ်ကွက်ထဲက ဘယ်သူများ ဆုံးပြန်ပြီလဲ၊ ဆိုက်ကားသမား မိုးဦးလား၊ ဒါမှမဟုတ် ညပိုင်း KTV ကို သွားသွားနေတဲ့ ကားပွဲစား မျိုးကိုမျိုးလား၊ ကျိန်းသေတာတစ်ခုတော့ ရှိတယ်။ ဂိုဒေါင်စောင့်ကြီး သျှီသူအောင် သူက BE၊ မန်ကျည်း၊ ဇေယျဝတီရရာ အကုန်ဖွဲ့တာ။

ဒီလူကြီးနဲ့ကွာ သူ့သားသမီးတွေ တပြုံတမကြီးနဲ့ ဒုက္ခပါပဲ

အို နားထောင်မနေတော့ပါဘူး၊ ‘အငယ်’လေးနဲ့ လွဲသွားမှာစိုးရတယ်။ ကျန်တဲ့ကောင်တွေကို မျက်ရိပ်မျက်ကဲပြပြီး လက်ဖက်ရည်ဆိုင်ထဲက ထွက်လိုက်တယ်။ ဆိုင်ထဲမှာတော့ စကားသံသဲ့သဲ့လေးတွေ ပျံ့လွင့်ပြီးကျန်နေခဲ့တယ်။

“ဘာလုပ်လုပ် ဒီကောင်တွေ အုပ်စုချည်းပဲကွ . . .၊ ကန်တော်ကြီးထဲမှာ သေတဲ့လူတွေလည်း သေကုန်ပါပြီ၊ ကိုယ့်ကိစ္စကို ပြောကြရအောင်၊ သူတို့ကို နမူနာယူ . . . ဒါနဲ့ ပေါ်တူဂီနဲ့ ဇေင်ကာ. . ”

“ဟော့ကောင်. . ပေါ်တူဂီနဲ့ တူရကီကွ။ ပေါ်တူဂီက ဘယ်လိုပေါက်လဲ”

“မြို့ထဲမှာ မတ်တတ်ရပ်ပေါက်တယ်လို့တော့ ပြောတာပဲ”

“ဖုန်း. . ”

ကျောကုန်းကို လှမ်းထုလိုက်တယ်။ လက်ဖက်ရည်ဆိုင်မှာ ရယ်သံတွေ ဆူညံစွာနဲ့ လွှမ်းမိုးသွားတယ်။





ရှေ့က သုတ်သုတ်သုတ်သုတ်နဲ့သွားနေတဲ့ ‘အငယ်’ကို ဝမ်းသာသွားအောင် ဘယ်လိုနောက်ရမလဲ။ နောက်က သိုင်းဖက်လိုက် ရင်ကောင်းမလား။ သိုင်းဖက်လိုက်ရင် ပတ်ဝန်းကျင် ရပ်ကွက်ရှိတယ်။ သူ့သိက္ခာအပိုင်းလည်း ထည့်တွက်ရမယ်။ ဒါမှမဟုတ် သူ့ရဲ့ဖိနပ် နောက်ဖျားကိုတက်နင်းလိုက်ရင်ကော။ ဒါလည်းမဖြစ်နိုင် ဝမ်းလျားမှောက်လဲလို့ ဝမ်းမသာတဲ့အပြင် ထာဝရချစ်သူအဖြစ်က ရပ်စဲသွားနိုင်တယ်. . .

အရေးထဲ ရပ်ကွက်ထဲက ခွေးတစ်အုပ်စုကတစ်မျိုး၊ နည်းမျိုးစုံသုံးပြီး မာန်ဖီနေလေရဲ့ ဟောင်လည်း ဟောင်ချင်စရာကိုး၊ သုံးယောက်လုံးက စုတ်ပြတ်သပ် ပေရေနေတာလေ။ ဒီခွေးတွေကို ဂရုမစိုက်နိုင်ပါဘူး။ အရေးကြီးတာက ‘အငယ်’ မထူးတော့ပါဘူး။ သူနဲ့ ဘေးချင်းယှဉ်လျှောက်မယ်။ သူက တခြားလူမှတ်ပြီး လှည့်ကြည့်တော့မှ ပြုံးပြလိုက်မယ်။

အဲဒီအချိန်မှာ သူ အရမ်းကိုအံ့ဩသွားတဲ့ မျက်နှာမျိုးဖြစ်သွားပြီး စကားမပြောနိုင် ဘာမပြောနိုင်နဲ့ မျက်ရည်တွေ တတွေတွေ ကျလာမယ်။ ဒီတော့မှ သူ့ရဲ့ ဖြူဖြူစွတ်နေတဲ့ လက်ကလေးကို ပတ်ဝန်းကျင်မမြင်အောင် အသာလေးကိုင်ပြီး သူ့ပါးပြင်ပေါ်ကို ကျလာတဲ့ မျက်ရည်တွေကို ရုပ်ရှင်ဗီဒီယိုတွေထဲက မင်းသားလို လက်ဖမိုး လေးနဲ့ အသာအယာသုတ်ပေးလိုက်မယ်။ လူလစ်တော့မှ ပခုံးလေး လှမ်းဖက်ပြီး ‘အာဘွား’ပေါ့ ကိုယ့်အတွေးနဲ့ကိုယ် ဆုံးဖြတ်ပြီး ‘အငယ်’ နဲ့ ဘေးချင်းယှဉ်လျှောက်လိုက်တယ်။

ဘေးတိုက် သူ့မျက်နှာလေးကိုကြည့်လိုက်တော့ မျက်နှာက သိပ်မကောင်းဘူး။ မကောင်းတာမှ တော်တော်လေးကိုမ



www.burmeseclassic.com

ကောင်းတာပါ။ သူ့အိမ်နဲ့ ဘာများဖြစ်လို့လဲ။ တော်တော်လေး ငိုထားပုံရတယ်။ မျက်ခွံတွေလည်းအစ်လို့။ မတွေ့ရတာကြာပြီ ဖြစ်တဲ့ ချစ်သူ့မျက်နှာ လေးကို အေးတိုက်တွေ့လိုက်ရတော့ ဝမ်းသာ လိုက်တာ မပြောပါနဲ့တော့ဗျာ။

ဟောဗျာ ဘာဖြစ်တာပါလိမ့် 'အငယ်'သူ့ရဲ့လက်ကိုင်ပဝါ လေးထုတ်ပြီး သူ့နှာခေါင်းကို လှမ်းပိတ်လိုက်တယ်။ ချစ်သူ့ရဲ့ မျက်နှာကို အပြည့်အဝမမြင်ရတော့ဘူး။ တစ်ဝက်တစ်ပျက်ကြီးဖြစ် နေတယ်။ ဩော်. . ငါကမှ ရေမချိုးတာ ငါ့ဆီက အနံ့ပဲဖြစ်မှာပေ့ါ။ တော်တော်လေးကြာနေပြီ ခုချိန်အထိ လှည့်မကြည့်သေးဘူး။ မာနကြီးလိုက်တာကွာ. . အေးလေ ခါတိုင်းကျောင်းသွားလည်း သူက ဘယ်ကိုမှကြည့်တာမဟုတ်ဘူး။

လမ်းမပေါ်က မြေကြီးတွေပဲကြည့်ပြီး ခေါင်းငိုက်စိုက်နဲ့ လျှောက်နေကျ။ အဲဒီလိုအလျှောက်ကောင်းလို့လည်း မကြာခဏ ကားတိုက်မလိုဖြစ်ရတာနဲ့ ဆိုက်ကားတိုက်မလိုဖြစ်ရတာနဲ့ သူ့ကို ကျောင်းကရော ရပ်ကွက်ကပါ 'ပဲပြုတ်တဲ့' ပဲများတယ်ပေ့ါ။

မဖြစ်သေးပါဘူး။ ဒီဘက်ကိုလှည့်မကြည့်ရင် ဟိုဘက်က လျှောက်မယ်ဆိုပြီး နေရာပြောင်းလိုက်တယ်။ ဟောဗျာ. . အဲဒါ လည်း လှည့်မကြည့်ပါလား။ ဘယ်လိုဖြစ်သွားရတာလဲ'အငယ်' ရယ်။ ရင်ထဲမှာ အောင့်သလိုမျိုးကြီး ခံစားလိုက်ရတယ်။ သူ့ကိုပြော မယ့် စကားလုံးတွေကလည်း လည်ချောင်းထဲမှာတင် တစ်ဆို့ဆို့ ကြီးဖြစ်ပြီး တံတွေးတောင်မျိုချလို့မရတော့ဘူး။

"အ. . ငယ်. . အ. . ငယ်"

ဖျတ်ခနဲ သူကျွန်တော့်ဘက်ကို လှည့်ကြည့်လိုက်တယ်။





ဟား ဝမ်းသာလိုက်တာ နောက်ကကောင်တွေကို လက်မထောင် ပြလိုက် ချိန်မှာတော့ 'အငယ်'ဟာ ကျွန်တော့်အပါးမှာ မရှိ တော့ဘူး။ ကျွန်တော့်ရဲ့ခြံထဲကို ဝင်ရောက်လို့သွားပါပြီ။ လေ ထဲမှာလွင့်မျောသွားမတတ် ခံစားလိုက်ရတယ်။ တစ်ကိုယ်လုံး လည်း အေးစက်ကုန်ပြီပေ့ါ။ ဒူးတွေတောင်မခိုင်တော့ဘူး။ ရပ်နေ တဲ့နေရာမှာတင် ပစ်လဲကျမတတ်ခံစားလိုက်ရတယ်။

"အငယ်ရယ် ဘာများ မကျေနပ်လို့လဲကွာ. ."

လေးတွဲသော ခြေလှမ်းတွေကို နောက်က မိုးကျော်နဲ့ ကျော် ဆန်းဝင်းက တွဲထူဖေးမရင်း ခြံတံခါးကို ဖွင့်မယ်အ လုပ်. . .

"အင့်. . အု. . အ. ."

သုံးယောက်သား ခြံဝမှာ ဖင်ထိုင်ရက် လဲကျသွားတယ်။ ဘယ်ကဘယ်လိုရောက်နေမှန်းမသိတဲ့ ရုပ်ခပ်ဆိုးဆိုး လူဝကြီး တစ်ယောက်ကတုံးကြီးနဲ့ အာဏာပါးကွပ်သားကြီးပုံစံနဲ့ဗျာ ရင်ဝ တွေကို ဆောင့်တွန်းလွှတ်တယ်. . .

"ခင်ဗျား. . ဘယ်သူလဲ. . ဒါ. . ကျုပ်အိမ်ဗျ. ."

"အရင်တုန်းကနေတာ လာမပြောနဲ့. ."

"ဘာဗျ ဘာအရင်တုန်းကနေတာလဲ ကျုပ်တို့ခဏလေး လျှောက်သွားနေတာ ဖယ်စမ်းဗျာ. ."

ရှေ့တိုးမယ်အလုပ်. . .

"မင်းတို့ဝင်လို့မရဘူးလို့ပြောနေတယ်နော်. ."

"ဘာခဏလေးလဲ တစ်လပြည့်ပြီကွ. ."

ဒီကောင်ကြီးကို ဘယ်လိုကျော်ဖြတ်ရမလဲ။ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကအမျိုးလဲ ရပ်ကွက်ထဲကလည်း မဟုတ်ပါဘူး။ အဲဒီအချိန်မှာပဲ အိမ်ပေါ်က ဆရာတော်ငါးပါး ဆင်းလာတာတွေ့ရတယ်။ ကျွန်တော့် အမေရယ်၊ မိုးကျော်ရဲ့အမေနဲ့ညီမလေး၊ ဟော နောက်က ကျော်ဆန်းဝင်းမိဘတွေ ငိုပြီး ဆရာတော်တွေကို ဘာတွေလျှောက်နေမှန်း မသိဘူး။ တံခါးဝမှာတော့ ကျွန်တော့်ချစ်သူ 'အငယ်'ညှိုးငယ်သော မျက်နှာလေးနဲ့ လက်အုပ်လေးချီထားတယ်။

"အမေ . . အမေ . . သားဒီမှာ"

ရှိုက်ရှိုက်သမျှသော အားတွေထည့်ပြီး အော်ဟစ်လိုက်တယ်။

"အမေ . . အမေ . . သားတို့ ပြန်လာပြီလေ . . အမေရဲ့"

"အမေတို့ကလည်းဗျာ တစ်ချက်လေးတောင် လှည့်မကြည့်ဘူး . ."

ဘယ်ကလူကြီးမှန်းလဲမသိဘူး။ သူကလည်း ခြံထဲအဝင်မခံဘူး။

"အမေ . . သားတို့ . . နောက်ကို ဘယ်မှမသွားတော့ပါဘူး အမေရယ် . .၊ မိုးကျော် ပြောလေကွာ မင်းအမေနဲ့ညီမလေးကို။ ကျော်ဆန်းဝင်း ဝိုင်းပြောကြဦးလေကွာ . . . ဦးလေး . . . ကျွန်တော်တို့ ဝင်ပါရစေဗျာ . . နော် . . ကျွန်တော်တို့ကန်တော့ပါတယ် . ."

သုံးယောက်သားထိုင်ပြီး ကန်တော့လိုက်တယ်။ အာဏာပါးကွက်သားကြီးကတော့ မတည်မငြိမ်နဲ့ လက်ပိုက်ပြီး ခြံတံခါးဝမှာ ပိတ်ရပ်လို့နေတယ်။

ဆရာတော်တွေလည်း ကြွလာရာ ခုနတဲ့ အာဏာ





ပါးကွက်သားကြီးက ဘေးဖယ်ကြီး လက်အုပ်ချီနေလိုက်တယ်။

"ဒကာမကြီး ဖြစ်ပြီးတာလည်း ဖြစ်ပြီးသွားပြီပဲ၊ ကျုပ်တို့ဒကာမကြီးတို့လည်း ဘယ်ရက်ဘယ်နေ့ဆိုတာ မသိရသေးဘူး။ ဒီတော့ အမိက,က ကျန်းမာရေးပဲ ကျန်းမာရေးကောင်းမှ စီးပွားရှာလို့ရမယ်။ လှူလို့ရမယ်။ သာသနာပြုလို့ရမယ်မဟုတ်လား။ ဒီတော့ စိတ်ကိုစိတ်နဲ့ဆုံးမသွန်သင်ပါ ဒကာမကြီး . .။ ကျန်းမာရေးမကောင်းရင် ဘယ်ကျောင်းကန်ဘုရားမှ သွားနိုင်မှာမဟုတ်ဘူး။ ပုတီးလည်း မစိပ်နိုင်ဘူး။ တရားလည်း မထိုင်နိုင်ဘူး။ ဆွမ်းလည်း လောင်းနိုင်မှာမဟုတ်ဘူး။ ကဲ . . ကိုယ်တော်တို့ ကြွတော့မယ်"

ဆရာတော်တွေအထွက် အကြည်ကျော် အလစ်ပြေးဝင်ပြီး အမေ့ခြေထောက်ပြေးဖက်ပြီး အားပါးတရ ငိုချလိုက်တယ်။

"အမေ . . အမေ . . သားတို့ ဘာတွေဖြစ်ကုန်ပြီလဲအမေ၊ သားခေါ်တာမကြားဘူးလား . . . ငုံ့ကြည့်ပါဦး အမေရယ် . . အဟီး အစ် . . အစ် . ."

ကျွန်တော့်ရဲ့ ခြံဝတစ်ခုလုံး ငိုသံတွေနဲ့ ဆူညံနေတယ်။ မိုးကျော်က ခြံတံခါးဝက တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်၊ ကျော်ဆန်းဝင်းကတော့ ငုတ်တုတ်လေး လက်အုပ်ချီပြီး ငိုနေလေရဲ့ . . .

"ထွေးလေး . . ထွေးလေး . . အစ်ကိုခေါ်နေတယ်လေ၊ အမေ့ကိုပြောပေးပါဦး . . ညီမလေးရယ်၊ အစ်ကို နောက်ဆို အိမ်ထဲက အိမ်ပြင်မထွက်တော့ပါဘူးလို့ ပြော . . ပေး . . ပါ ညီမလေးရယ်"

မိုးကျော်ရဲ့အမေက တရှုံ့ရှုံ့နဲ့ ငိုနေတယ်။ မိုးကျော်ညီမ

www.burmeseclassic.com



လေးက လက်မောင်းလေးကိုကိုင်ပြီး. . .

"အမေရယ်. . ကိုလေးမရှိတော့ပေမယ့် သမီးရှိပါသေးတယ်၊ ဘာမှအားမငယ်နဲ့နော်. . အန်တီ တစ်နှစ်ပြည့်လုပ်ရင် ကြိုပြောပါနော်. . ."

အကြည်ကျော်ရဲ့မိခင်ကြီးက. .

"အေးပါ. . သမီးရယ်၊ ခု တစ်လပြည့်ဆွမ်းကပ်တာ သူတို့တစ်တွေမှ သိရဲ့လားမသိပါဘူးကွယ်၊ မဆုံးခင်ထဲက သူတို့အုပ်စုက ခြေသိပ်များတာမဟုတ်လား. ."

ဟင် . . . တစ်လပြည့်တဲ့ တစ်လပြည့် ငိုနေရင်း တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်မိတယ်။ အရမ်းကိုတုန်လှုပ်သွားတယ်။ ဒါဆို ဒါဆို ငါတို့သုံးယောက် ကွယ်လွန်ခဲ့တာ တစ်လပြည့်ပြီပေါ့။

နေစမ်းပါဦး ငါတို့သုံးယောက် ဘယ်လိုဘယ်လို သေဆုံးရတာလဲ ဒါဆို ငါတို့ရောက်ခဲ့တာတွေ တွေ့ကြုံခဲ့ရတာတွေ ဟာ လူ့ဘဝနဲ့မဟုတ်ဘူးပေါ့။ ဝိညာဉ်ဘဝ ဝိညာဉ်ဘဝ ပရလောကသားဘဝနဲ့ ဖြတ်ကျော်ခဲ့ရတာလား။ ချစ်သူအငယ် မတွေ့တာ မမြင်တာ ဒါကြောင့်လား။ အမေတို့ ငါတို့ခေါ်တာ မကြားရတာ ဒါကြောင့်လား။ ဟား. . သွားပါပြီ. . လူ့ဘဝ. . ။



အခန်း ၁၃(၁၃

"ဘူးသီးကြော်တစ်ပွဲ. . တို့ဟူးကြော်တစ်ပွဲ"

"ပူပူလေးနဲ့ မြန်မြန်လေးလုပ်နော် အဒေါ်ကြီး"

"အေးပါကွယ် တတ်နိုင်ရင် အဒေါ်ကြီးက မင်းတို့လျှာပေါ်မှာတင် ကြော်ကျွေးလိုက်ချင်တာ. . ဟင်းဟင်း. ."

တဖက်လှည့်ကြော်နေသော အဒေါ်ကြီးက သူတို့ကို ပြန်နောက်လိုက်သေးသည်။ အကြည်ကျော်က မိုးကျော်နားကပ်ပြီး လေသံတိုးတိုးနဲ့. . .

"ညနေ ငါတို့သာ ဝိညာဉ်ဘဝရောက်နေရင် ဒီအကြော်ဖိုးတွေ ရှင်းစရာမလိုတော့ဘူးကွ၊ သူလည်း လှည့်ကြည့်ရော ငါတို့တွေကို မမြင်ရရင် တော်တော်လေးတုန်လှုပ်သွားမှာကွနော်. ."

မိုးကျော်ကတော့ ဘာမှပြန်မပြောဘူး။ သူ့ရဲ့ မဟာနဖူးလေးကိုပွတ်သပ်ရင်း ဘာတွေ အတွေးနယ်ချဲ့နေသည်မသိ. . .

"ဟေ့ကောင်မိုးကျော်. . ငါပြောတာကြားရဲ့လား"

"ကြားပါတယ် ငါက အဲဒါမျိုး မလုပ်ချင်ဘူး၊ အခွင့်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ ငုတ်တုတ်ဝင်ထိုင်ပြီး . . ဟီဟိ ဟိုဟာနှိုက်လိုက် ဒီဟာ နှိုက်လိုက်လုပ်နေမှာ . . ."

"ဟော့ကောင် ပြောင်ကြီး ဘာညစ်တီးညစ်ပတ် အတွေး အခေါ်တွေနဲ့ အောက်တန်းကျနေရတာလဲ . ."

"ဖြန်း"ခနဲ နဖူးပိတ်ရိုက်ပြီး ပြောလိုက်တော့ ဇက်ပုသွားပြီး

"ဘာညစ်တီးညစ်ပတ်ရမှာလဲ ငါပြောတာက အတွဲတွေ မှာပါလာတဲ့ ထမင်းချိုင့်တွေ၊ မုန့်တွေ ပြီးတော့ သူတို့ရဲ့ ဟိုဟာ ဘာတဲ့ အင်း . . အင်း . . ပိုက်ဆံအိတ်ကွာ . . အဲဒါတွေကို နှိုက် စား နှိုက်ယူ လို့ရတယ်လို့ပြောတာ . ."

စိုဘောင်းဘီတိုနဲ့ တက်လာတဲ့ ကျော်ဆန်းဝင်းက ရေ နွေးတစ်ခွက်ငှဲ့ယူမှုတ်သောက်လိုက်ပြီး . .

"အကြည်ကျော် သားလေး ရေကူးရအောင်ကွာ . ."

"ငါမှ ရေမကူးတတ်တာ မလုပ်ပါနဲ့ကွာ . ."

"ဆရာမိုးနဲ့ ဆရာကျော် သင်ပေးမယ်လေ သားလေးရဲ့"

"ဘာသားလေးလဲ ကိုယ့်နှာခေါင်းမှ ကိုယ်အားမနာဘူး သွားစမ်းပါကွာ . . နဂိုကမှ ကြက်သီးတွေထပြီး ဖျားချင်သလိုဖြစ် နေရတဲ့ကြားထဲ . ."

"သားလေးတို့ အကြော်ရပြီ"

အကြော်လာချပေးတဲ့ အဒေါ်ကြီးကို မိုးကျော်က ယောင် ပြီး . . .

"ဘာသားလေးလဲ . ."

"ဟော . . ငါ့သားလေးတွေအရွယ်မို့ သားလေးလို့ခေါ်တာ ပါကွယ်၊ မကြိုက်ရင်မခေါ်တော့ပါဘူး . ."





သည်တော့မှ ကပျာကယာနဲ့ အကြည်ကျော်က . . .

"ဟာ . . မဟုတ်ဘူးအဒေါ်ရယ်၊ ဟိုကောင့်စကားနဲ့ရော သွားလို့ပါ . . ခေါ်ချင်သလိုသာခေါ်ပါ"

"သမက်ကို သားခေါ်လည်း ရပါတယ်အမေရယ်"လို့ မိုး ကျော်က တိုးတိုးလေးပြောလိုက်တယ်။ တော်ပါသေးရဲ့ အဒေါ် ကြီးက မီးဖိုနားရောက်နေလို့ ရေထဲပြန်ဆင်းဖို့လှည့်နေတဲ့ ကျော် ဆန်းဝင်းကို . . .

"ဟေ့ . . သားတို့အဖေ တော်ကြာလုံခြုံရေးလာဖမ်းရင် တာ ဝန်မယူဘူးနော် . . ဒီမှာက အကြော်ဖိုးတောင် အနိုင်နိုင် . ."

ကျော်ဆန်းဝင်းက လက်ခါခါ ခြေခါခါလုပ်ပြရင်းနဲ့ . . .

"ဒီဘဝမဆပ်နိုင်လည်း နောင်ဘဝပေါ့ကွာ ကြုံပို့ရင့်ပေါ့"

"ဟဲ့ဟဲ့ ဒီကလေးတွေ ဘာတွေပြောနေကြတာလဲ . .၊ မပြောကောင်းမဆိုကောင်း"

အကြော်သည် အဒေါ်ကြီးက လှမ်းငေါက်လိုက်တယ်။ မိုး ကျော်က အဒေါ်ကြီးနားကပ်သွားပြီး . . .

"ဘယ်လောက်ကျလဲ . . အမေ . ."

"အင်း . . သားတို့ပိုင်းက"

"ကဲပါ အမေရယ် ပိုပိုလိုလို နောက်မှရှင်းမယ်၊ ကျွန်တော် လည်း ရေသွားကူးလိုက်ဦးမယ် . ."

ခွေးခြေခုံပေါ် ပုဆိုးနဲ့အကျီချွတ်ပြီး ကမန်းကတန်း ပြေး ထွက်လိုက်တဲ့ မိုးကျော်က ရေနွေးခရားအိုးဝင်တိုက်မိရာ . . .

"ဖုန်း . . . ဝှမ်း . . ချလွင် . ."

ရေနွေးအကြမ်းပန်းတန်လုံးနဲ့ အကြော်ထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကြွေပန်းကန်ဟာ မြေကြီးနဲ့မိတ်ဆက်ပြီး တစ်စစီဖြစ်သွားပါတော့တယ်။ မိုးကျော်ကတော့ သူမလုပ်တဲ့ပုံစံမျိုး။ ကျော်ဆန်းဝင်းခိုးကူးနေတဲ့ မြို့နှစ်မြို့ကြား ပြေးဆင်းဖို့ သွားပါတော့တယ်. . .

"အမေ. . သားလျော်ပါမယ်. . "

"အေးပါကွယ်. . ရပါတယ်. . "

စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်။ မပျော်သလိုပဲ တစ်ခုခုကို လွမ်းသလိုလို ဝမ်းနည်းသလိုလို. . .

"ဟင်. . ဘာစာအုပ်လေးပါလိမ့်. . "

မိုးကျော်ရဲ့ အင်္ကျီအိတ်ထဲက တစ်ဝက်တစ်ပျက်ထွက်ကျနေတယ်။ လှမ်းယူကြည့်လိုက်တော့ တစ်နေ့က ရပ်ကွက်ထဲအသုဘမှာကမ်းတဲ့ ဓမ္မဒါနစာအုပ်လေး။ ဘာပဲဖြစ်ဖြစ်လေ အပျင်းပြေ ဖတ်ကြည့်မှ. . .

"ကွယ်လွန်သူအားရည်စူး၍ အလှူဒါနပြုလုပ်နည်း ပြည်ကျော်လွင်(ပညာရေး)တဲ့။ ရည်ရွယ်ချက်(၁) သင့်မှာတာဝန်ရှိပါသည်။ လူအများသည် အသက်ရှင်စဉ်က ကောင်းမှုကုသိုလ်တွေမည်မျှလုပ်ခဲ့ပါစေ ကွယ်လွန်ခါနီးအချိန်ပိုင်းကလေးတွင် ဆွေမျိုးသားချင်း သံယောဇဉ် ပစ္စည်း ဥစ္စာများကို ရှင်းရှင်းကြီး မဖြတ်နိုင်ခဲ့သော် အယူလွဲခဲ့သော် မထင်မှတ်ဘဲ. . . "

"အမေရေ တို့ဟူးနှစ်ပွဲ"

သာလိကာ ရောင်စုံအုပ်စု အကြော်ဆိုင်ထဲ ဝင်နားလာသည်။

"ဟေ. . စာမေးပွဲက အဝေးကြီးနော်၊ ကြိုပွိုင့်တွေဘာတွေ မလုပ်နဲ့. . . "





"ဟဲ့ . . . ကျောင်းစာအုပ်မဟုတ်ဘူးဟဲ့၊ ဟိုဒင်းဟိုဟာ စာအုပ်နေမှာပေါ့. . တစ်ယောက်တည်းကြိတ်ဖတ်နေတာ မတွေ့ဘူးလား"

မကြားတကြား လူအုပ်များတော့ အကြည်ကျော် မလှုပ်သာ . . .

"တောက်. . ဟိုခွေးနှစ်ကောင်ကလည်း တော်တော်နဲ့မတက်ပါလား. . "

တစ်ဦးတည်း ရေရွတ်ပြီး ခုနက စာအုပ်လေးကို တစ်ရွက်ထပ်လှန်လိုက်တယ်။

"ရည်ရွယ်ချက်(၂) သေသွားသူကို အသက်ရှင်နေသူထက် ပို၍စာနာသနားပါ"

ဘာလဲဟ ဘာအဓိပ္ပါယ်လဲ။ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး. . .

"အသက်ရှင်နေသူတစ်ဦးသည် ဒုက္ခရောက်နေသော် အကူအညီလိုနေသော် ၎င်း၏ ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းများထံမှ အကူအညီကို ဖွင့်ဟတောင်းခံ၍ ရနိုင်ပါသည်။

အသက်ရှင်နေသူတစ်ဦးသည် အကြောင်းမသင့်၍ ပြစ်ဒဏ်ချမှတ်ခံရပြီး ထောင်ကျသွားခဲ့သော် ကျန်ရစ်သူတို့သည် ပူဆွေးသောကရောက်စွာဖြင့် ငွေအင်အား၊ လူအင်အား အမျိုးမျိုးသုံး၍ အကျဉ်းထောင်ထဲတွင် နေရန် စားရန် ကူညီ၍ရသော်လည်း ကွယ်လွန်သူတစ်ဦးသည် ပြိတ္တာဘုံ၊ တစ္ဆေသရဲဖြစ်နေခဲ့သော် လူ့လောကရှိ အကျဉ်းထောင်ထဲမှာ နေရသည်ထက် အဆ

www.burmeseclassic.com



ပေါင်းများစွာသော ဒုက္ခမျိုးစုံတို့ကို. .


"အကြည်ကျော်ရေ လာပါဦးဟာ မိုးကျော်ရေနစ်နေလို့"

ကျော်ဆန်းဝင်းရဲ့အသံ ကမန်းကတန်းပြေးသွားပြီးကြည့်လိုက်ရာ၊ မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသော မိုးကျော်ကို မမီမကမ်းနဲ့ ကျော်ဆန်းဝင်းက လိုက်ဆွဲနေသည်။

မိမိကိုယ်မိမိ ရေမကူးတတ်သည်ကို သတိမရတော့ဘဲ သူငယ်ချင်းဆိုသောစိတ်နဲ့ အကြည်ကျော် ရေထဲဒိုင်ဗင်ပစ်လိုက်ရာ၊ ရေနဲ့ရင်ဘတ်ရိုက်မိ၍ စပ်ပြီး ကျင်သွားသလို နှာခေါင်းထဲရေတွေဝင်သွားပြီး ရေသီးကာ ဝရုန်းသုန်းကားဖြစ်သွားသည်။

ကမန်းကတန်း ခြေထောက်လိုက်ရာ ခြေထောက်က မြေကြီးကိုမမီ နားထဲမှာတော့ လူသံတွေ ဆူညံရင်း ဆူညံရင်းနဲ့ အမှောင်ထုထဲသို့ ဖြည်းဖြည်းချင်း ဝင်ရောက်သွားပါတော့သည်။





"သြော်. . ငါတို့သုံးယောက် ရေနစ်သေရတာကိုး"

"ငါတို့ဖြစ်ချင်တဲ့ ဝိညာဉ်ဘဝဟာ လူ့ဘဝလောက်မှ တန်ဖိုးမရှိပါလား"

အရာရာ နောက်ချင်ပြောင်ချင် ဘာကိုမှ အလေးမထားပေါ့ပျက်ပျက်နိုင်ခဲ့သော သူတို့သုံးယောက်ရဲ့ဘဝဟာ လားရာမကောင်းပါလား။ သူတို့စိတ်ထဲ သုံးလေးရက်လို့ထင်မှတ်ထားတာဟာ ခုတော့ တစ်လပြည့်ဆွမ်းတောင်ကပ်ပြီးသွားပြီ။

သာမုံ ခေါ်ချိန်မရလိုက်။ သာမုများခေါ်လိုက်နိုင်ပါက ဘယ်ဘဝဘယ်ဘုံများ ရောက်သွားနိုင်သလဲ။ ပြောင်းလဲမှုတစ်ခုခုတော့ဖြစ်သွားနိုင်တယ်။

တရှုံ့ရှုံ့နဲ့ ငိုနေတဲ့ အမေ့ မျက်ရည်တွေ သုတ်ပေးချင်လိုက်တာ။ အမေရဲ့ လက်ဖဝါးလေးကို ဆုပ်နယ်ပေးရင်း အမေရဲ့ ဝိန်ချိုင့်နေတဲ့ ပါးအိုလေးကို ခပ်ဖွဖွနမ်းရင်း သားတို့ ခွင့်လွှတ်ဖို့ တောင်းပန်ချင်လိုက်တာဗျာ. . .

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခုတော့ အမေ့နားကပ်ဖို့နေနေသာသာ ခြံဝင်းထဲတောင် ဝင်ရောက်ခွင့်မရပါလား. . .

"ငါ့သားလေးတို့ ဖြစ်လေရာ ဘဝတိုင်းမှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ကြုံကြပါစေနဲ့ကွယ်၊ အမေ ဆုတောင်းပေးလိုက်ပါတယ် သား. . သား. , တို့. . ရယ်. ."

တိမ်ဝင်သွားတဲ့ အမေရဲ့အသံနဲ့အတူ အမေဟာ အရုပ်ကျိုးပြတ် ခွေခေါက်ပြီး ပစ်လဲကျသွားတယ်။ ပြေးထူပေးမယ့် အလုပ်မှာ ခုနက အာဏာပါးကွက်သားကြီးက ရှေ့ကလက်လှမ်းတားလိုက်တယ်. . .

"အမေ. . အမေ. . ဟိုမှာ ကျုပ်အမေ လဲသွားတာမတွေ့ဘူးလား. . ကျုပ်. . သွားထူပါရစေဗျာ. . ဟော့ကောင်တွေဝိုင်းပြောပေးကြပါဦးကွာ. . အဟီး. . ဟီး. ."

"ဟော့ကောင်လေးတွေ ခုမှ အဖြစ်သည်းမနေနဲ့၊ လူ့ဘဝတုန်းက မိဘတွေ မျက်ရည်နဲ့မျက်ခွက်ဖြစ်အောင်လုပ်ပြီးမှ ဘာခုမှ အမေ အမေနဲ့. ."

အာဏာပါးကွက်သားကြီးက သူ့ရဲ့ တုတ်ခိုင်တဲ့ လက်မောင်း ကြွက်မောင်းသားကြီးတွေကို ညှစ်ထုတ်ပြီး လက်ပိုက်ကာ ပြောလိုက်တယ်. .။

"ထွေးလေးကို သရဲခြောက်ပြမယ်ဆို၊ ကိုလေး ခုခြောက်ပြပါလားကိုလေးရယ်၊ ထွေးလေး. . ထွေးလေးလေ ကိုလေးကို မကြောက်ပါဘူး. . ခြောက်ပြစမ်းပါကိုလေးရယ်. ."

နှာခေါင်းထဲက နှာရည်တွေကျလာပြီး မျက်ရည်တွေ တသွင်သွင်စီးဆင်းပြီး ရှိုက်ကြီးတင် ငိုပြီးပြောနေတဲ့ မိုးကျော်ရဲ့





ညီမလေးစကားသံတွေဟာ ကျွန်တော်တို့သုံးယောက်ရဲ့ နှလုံးတွေအသည်းတွေကို တစ်စစီ ဆွဲယူထုတ်ပြစ်နေသလိုပါပဲဗျာ . .

အမှတ်မထင် ကျွန်တော့်ရဲ့ မျက်လုံးတွေက ဘုရားစင်အောက်မှာ ရေခွက်လေးတွေနဲ့ ထမင်းပန်းကန်လေးတွေချထားတဲ့ ကျွန်တော်တို့သုံးယောက်ရဲ့ ဓာတ်ပုံတွေဆီရောက်သွားတယ်။ သူငယ်ချင်းနှစ်ယောက်ကို ကျစ်ကျစ်ပါအောင်ဖက်လိုက်ပြီး. . .

"မိုး. . ကျော်၊ ကျော်. . ဆန်း. . ဝင်း. . ဟို. . ဟို. . မှာ ငါ. . ငါ. . တို့ရဲ့. . ဓာတ်. . ပုံတွေကွာ. . ကြည့်ကြစမ်းပါဦး. ."

မိုးကျော်က တအစ်အစ်နဲ့ ချုံးပွဲချ ငိုချလိုက်ပါတော့တယ်။ မျက်ရည်တွေ ဝိုးတိုးဝါးတားနဲ့ အမြင်တွေက တဖြည်းဖြည်းနဲ့ မှုန်ဝါးလာတယ်။ အမေ့ကို ကျော်ဆန်းဝင်းရဲ့ မိဘတွေက ဝိုင်းမပြီး အိမ်ပေါ် သယ်သွားတယ်။

လှေကားအတက်အဆင်းလေးမှာတော့ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော ရှားရှားပါးပါးချစ်သူ လက်သစ်လေး 'အငယ်' ကျွန်တော်ရဲ့ ကျောင်းသားကဒ်လေးကို တစ်စိမ့်စိမ့်ကြည့်ပြီး ငိုနေတယ်ဗျာ။ ကျွန်တော် ဘာလုပ်ရမလဲ . . ဘာလုပ်ရမလဲ။

"ဒုန်း. ."

ကတုံးကြီးနဲ့ အာဏာပါးကွပ်သားကြီးက ခြံတခါးကို ပိတ်ပစ်လိုက်တယ်။ ခြံတခါးပိတ်သံကြောင့် ကျွန်တော့်ချစ်သူ 'အငယ်'လန့်သွားတယ်။

သူ့လိုပဲ မိုးကျော်ညီမလေးကလည်း ငိုနေရာကနေ ဆတ်ခနဲ ခေါင်းထောင်သွားတယ်။ ပြီးတော့မှ သူတို့နှစ်ယောက် မြို့သွားပြီး ခြံဝကို ပြေးထွက်လာတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး. ."

"ကိုကြည်. ."

ခြံတခါးရဲ့ မင်းတုပ်လေးကို စူးစူးစိုက်စိုက်လေး သူတို့နှစ်ယောက် ကြည့်နေကြတယ်. . .

"ငါတို့ပိတ်တာမဟုတ်ပါဘူး ညီမလေးရယ်. ."

"ပိတ်ဖို့နေနေသာသာ ဝင်လို့တောင် မရပါဘူးဟာ. ."

ပြောလည်းပြော မိုးကျော်ငိုလေရော။ ကျွန်တော်ကတော့ ကျွန်တော့်ချစ်သူ 'အငယ်' မျက်နှာလေးကို အငမ်းမရ လိုက်ကြည့်နေမိတယ်။ ငိုဖို့လည်းမေ့နေပြီ။

တံခါးဘောင်ကိုလာကိုင်တဲ့ သူ့လက်နုနုလေးတွေကို ကျွန်တော်အပေါ်ကထပ်ပြီး ဆုပ်ကိုင်လိုက်တယ်။

သူကတော့ ဘာမှမခံစားရသလိုပါပဲဗျာ။ ကျွန်တော့်မှာ . . ကျွန်တော့်မှာသာ ရင်ထဲဆို့တက်လာပြီး ကျွန်တော့်ရဲ့လက်ကို ကျွန်တော် ပြန်လည်သိမ်းလိုက်တယ်. . .

"ကိုလေး. . ဒီနားမှာရှိနေလား. . ဟင်. .၊ အမျှဝေတာ ရကောရရဲ့လား ကိုလေးရယ်. ."

မိုးကျော်က ယောင်ပြီး ပထမ ခေါင်းညိတ်တယ်။ ပြီးတော့ ခေါင်းခါတယ်။

"ကိုကြည် . . . အငယ့်ကိုစိတ်ချပါ. .၊ အငယ့်ဘဝမှာ ကိုကြည်သာ ပထမဦးဆုံးသောချစ်သူပါ၊ ကိုကြည်ကလွဲလို့ အငယ် ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားပါဘူး. . ရှင်. . ရယ်. . ပထမလို့ အငယ်ထင်ထားခဲ့ပေမယ့်. . ခုတော့. . နောက်ဆုံးဖြစ်နေပြီ. . ကိုကြည်ရယ်. ."





မတိုးမကျယ်လေး တစ်ယောက်တည်းပြောနေတဲ့ ကျွန်တော့် ချစ်သူမျက်နှာလေးကိုကြည့်ပြီး ကျွန်တော် . . ကျွန်တော် ပြန်ပြောလိုက်ချင်လိုက်တာ။

မိုးကျော်ရဲ့ညီမလေးကို 'အငယ်'က ပခုံးလေးခပ်ဖွဖွဖက်ပြီး အိပ်ဘက်ဆီကိုလှည့်ကာ ထွက်သွားတော့မှ သတိရလိုက်ပြီး ကမန်းကတန်း. . .

"အငယ်. . အငယ်. . နေပါဦး အငယ်ရယ်. ."

"ညီမလေး ညီမလေး. . ထွေးလေး"

မိုးကျော် ခြံစည်းရိုးတိုင်ကြီးကို ခေါင်းနဲ့ပြေးဆောင့်လိုက်တယ်။ ကျော်ဆန်းဝင်းကတော့ လမ်းမပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သလို ကျွန်တော်ကတော့ ခြံတခါးဝမှာ ခြေစုံရပ်နေမြဲ။

ကွာခြားသွားတဲ့ ဘဝနှစ်ခု ဝေးကွာသွားတဲ့ဘဝနှစ်ခု ဟာသလုပ် နောက်ပြောင်လို့မရတော့တဲ့ဘဝနှစ်ခု၊ ကျွံသွားတဲ့ စကားတွေကို ပြန်နုတ်လို့မရတော့တဲ့ ဘဝနှစ်ခု။

"လောကကြီးမှာ တန်ဖိုးအရှိဆုံးကလူပဲ. .၊ အယုတ်ညံ့ဆုံးဟာလည်း လူပဲ. .၊ လူတစ်ယောက်ရဲ့တန်ဖိုးဟာ မသေခင် အချိန်လေးပါ. .၊ သေဆုံးသွားပြီဆိုရင် အဲဒီလူဟာ ဖိနပ်တစ်ရံ ဦးထုပ်စုတ်တစ်လုံး၊ အကျီပေါင်းတစ်ထည်လောက်မှ တန်ဖိုးမရှိတော့ဘူး၊ အဲဒီတော့ တန်ဖိုးရှိအောင် နေတတ်ရမယ်၊ သေဆုံးသွားသည်အထိ တန်ဖိုးရှိရမှာက စိတ်ပဲ၊ စိတ်ကို တန်ဖိုးရှိအောင် လုပ်ခြင်းဖြင့် နောင်တမလွန်ဘဝအထိ တန်ဖိုးရှိနေဦးမှာပဲ။ လူ့ဘဝမှာ တန်ဖိုးမရှိရင်တော့ နောင်တမလွန်ဘဝမှာလည်း ခွန့်ဝယ် ခြင်း၊ အနှိပ်စက်ခံရခြင်း အလွဲသုံးစားလုပ်ခြင်းတွေကို ခံရပြီ

www.burmeseclassic.com

www.burmeseclassic.com



ကြေနပ်မလွဲပါပဲ။ ဒီတော့ နောင်တမလွန်ဘဝအထိ တန်ဖိုးကိုရ အောင်ယူသွားစမ်းပါ။ တမလွန်တန်ဖိုးဟာ အရမ်းတန်ဖိုးရှိပါ တယ်. . တဲ့"

ဘယ်ဆီကိုသွား ဘယ်နေရာမှာနေရမှန်းမသိသေးတဲ့ ကျွန်တော်တို့သုံးယောက်ရဲ့ ခြေလှမ်းတွေက လေးတွဲနေပါတယ်။ နားထဲ မှာတော့ ခုနက အာဏာပါးကွက်သားကြီးရဲ့ စကားသံတွေ ဟာ တူနဲ့ထုသလိုမျိုး. . . . . ။

BURMESE CLASSIC

**ဆက်လက်ကြိုးစားပါဦးမည်**

**ကျော်ထူး**

**(အထွေထွေသရုပ်ဆောင်)**

www.burmeseclassic.com